# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် ၁၅/ ၂၀၂၃**

**၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်**

**(၂၀၂၃ ခုနှစ်၊ မတ် လ ၃၁ ရက်)**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ်(၁) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကို ဆိုသည်။

(ခ) **လျှောက်ထားသူ** ဆိုသည်မှာ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် မည်သည့်လျှောက်ထားချက်တွင်မဆို လျှောက်ထားသူနေရာတွင် အမည်ထည့်သွင်း ရေးသားဖော်ပြထားသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း ကိုဆိုသည်။

(ဂ) **နံပါတ်နှင့်စာရင်း** ဆိုသည်မှာ အုပ်စုခွဲခြားခြင်း (Nice Classification) အရ အုပ်စုအလိုက် အသေးစိတ်သတ်မှတ်ထားသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစား နံပါတ်နှင့် စာရင်းများကို ဆိုသည်။

ရှင်းလင်းချက်။ အုပ်စုခွဲခြားခြင်း (Nice Classification) ဆိုသည်မှာ အမှတ်တံဆိပ်မှတ်ပုံတင်ရာတွင် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို အမျိုးအစား ခွဲခြား၍ အသုံးပြုနိုင်ရန် နိစ်သဘောတူစာချုပ် (Nice Agreement) (၁၉၅၇) အရ နောက်ဆုံးပြင်ဆင် ပြောင်းလဲထားသည့် အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ်အမျိုးအစား အုပ်စု ခွဲခြားခြင်းကိုဆိုသည်။

(ဃ) **ကန့်ကွက်သူ** ဆိုသည်မှာ ဥပဒေ ပုဒ်မ ၂၆ အရ အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာ တင်သွင်းသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည်။

(င) **ကိုယ်စားလှယ်** ဆိုသည်မှာ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အေဂျင်စီ သို့မဟုတ် မှတ်ပုံတင်အရာရှိထံ လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ကိုယ်စား ဆောင်ရွက်ရန် နည်းဥပဒေ ၈၉ အရ ခန့်အပ်ထားသည့် ကိုယ်စားလှယ်ကို ဆို သည်။

(စ) **အခကြေးငွေ** ဆိုသည်မှာ ဥပဒေနှင့် ဤနည်းဥပဒေများအရ ပေးသွင်းရမည့် အေဂျင်စီက ဗဟိုကော်မတီမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သည့် အခကြေးငွေကို ဆိုသည်။

(ဆ) **လျှောက်လွှာပုံစံ** ဆိုသည်မှာ ဥပဒေအရ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံကို ဆိုသည်။

(ဇ) **မှတ်ပုံတင်ခြင်း** ဆိုသည်မှာ လျှောက်ထားသည့် အမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိက စစ်ဆေးပြီးနောက် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြမှုအပေါ် မှတ်ပုံတင်အရာရှိက စိစစ်၍ မှတ်ပုံတင်ခြင်းကိုဆိုသည်။

(ဈ) **မှတ်ပုံတင်စာရင်း** ဆိုသည်မှာ ဦးစီးဌာနက အမှတ်တံဆိပ် မှတ်ပုံတင် ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း အပါအဝင် ယင်းအမှတ်တံဆိပ်နှင့် သက်ဆိုင်သော အချက်အလက်များကို အီလက်ထရောနစ် နည်းလမ်းအပါအဝင် နည်းလမ်းတစ်မျိုးမျိုးဖြင့် မှတ်တမ်းတင်သည့် စာရင်းကို ဆိုသည်။

## အခန်း(၂)
## မှတ်ပုံတင် လျှောက်ထားခြင်း

၃။ အမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားသူသည် လျှောက်ထားချက်ကို မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြပြီး အောက်ပါနည်းလမ်း တစ်ခုခုကို အသုံးပြု၍ လျှောက်လွှာပုံစံ TM –1 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်–

(က) ဦးစီးဌာနက သတ်မှတ်ထားသည့် အီလက်ထရောနစ် စနစ်ဖြင့် လျှောက်ထားခြင်း၊

(ခ) ဦးစီးဌာနသို့ လာရောက်လျှောက်ထားခြင်း၊

(ဂ) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် စာပို့လုပ်ငန်းတစ်ခုခုမှ ပေးပို့လျှောက်ထားခြင်း။

၆။ လျှောက်ထားချက်တွင် အောက်ပါတို့ အနည်းဆုံး ဖော်ပြပါရှိရမည်-

(က) အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊

(ခ) လျှောက်ထားသူ၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(၁) ပုဂ္ဂိုလ်တစ်ဦးချင်းအမည်ဖြင့် လျှောက်ထားချက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင် အမည်၊ နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း အမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏အမည်၊ မှတ်ပုံတင်အမှတ်၊ အမျိုးအစား၊ အဖွဲ့အစည်းတည်ထောင်ရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(၂) လျှောက်ထားသူ တစ်ဦးထက်ပိုသော လျှောက်ထားချက်တွင် ဆက်သွယ်ဆောင်ရွက်ရမည့် လျှောက်ထားသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ (ပူးတွဲလျှောက်ထားသူများ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံတို့ကို နောက်ဆက်တွဲအဖြစ် မူရင်းလျှောက်လွှာတွင် ပူးတွဲဖော်ပြရမည်။)

(ဂ) လျှောက်ထားသူသည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM-2 ကို ပူးတွဲတင်ပြရမည်။ လျှောက်ထားသူ၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်းတည်ရှိရာနိုင်ငံသည် နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်းတည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM-2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(ဃ) ဤနည်းဥပဒေများ အခန်း (၃) အရ သတ်မှတ်ထားသော အမှတ်တံဆိပ်၏ ရှင်းလင်းပြည့်စုံသော ဖော်ပြချက်၊

(င) လျှောက်ထားသူသည် အမှတ်တံဆိပ်၏သိသာထင်ရှားသည့်လက္ခဏာအဖြစ် အရောင်ကို တောင်းဆိုလျှောက်ထားလာလျှင် အမှတ်တံဆိပ်အစိတ်အပိုင်းတွင် ပါဝင်သော

တောင်းဆိုလိုသည့် အရောင်၏အမည် သို့မဟုတ် အရောင်ဖြင့် ခွဲခြား သတ်မှတ်သည့် သင်္ကေတကုတ်နံပါတ်နှင့် အရောင်အသီးသီးနှင့် စပ်လျဉ်းသည့် ဖော်ပြချက်၊

(စ) မှတ်ပုံတင်ရန် လျှောက်ထားသည့် အမှတ်တံဆိပ်အတွက် နံပါတ်နှင့် စာရင်းများ၊

(ဆ) သုံးဖက်မြင်အမှတ်တံဆိပ် (Three-dimensional (3D) mark) သို့မဟုတ် အရောင် နှစ်ရောင် သို့မဟုတ် နှစ်ရောင်ထက်ပို၍ ပေါင်းစပ်ထားသော အရောင်သီးသန့် အမှတ်တံဆိပ် (Combination of Color mark)အဖြစ် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အမှတ်တံဆိပ်နှင့် အသုံးပြုသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတို့အကြားတွင် ရရှိထားသော သိသာထင်ရှားမှုရှိခြင်း (Acquired Distinctiveness) အတွက် ကျိုးကြောင်း ဖော်ပြချက်၊ (လျှောက်ထားသူသည် အဆိုပါ ကျိုးကြောင်းဖော်ပြချက်ကို ပူးတွဲ တင်ပြရမည်။)

(ဇ) စုပေါင်းပိုင်အမှတ်တံဆိပ် မှတ်ပုံတင်ရန် လျှောက်ထားခြင်းဖြစ်လျှင် ယင်းစုပေါင်းပိုင် အမှတ်တံဆိပ်ကို တရားဝင်အသုံးပြုနိုင်ရန် လျှောက်ထားသူ စုပေါင်းပိုင်အဖွဲ့အစည်းက အဖွဲ့ဝင်များ လိုက်နာရန် ချမှတ်ထားသော စည်းမျဉ်းများ၊ (အဆိုပါစည်းမျဉ်းများကို မှတ်ပုံတင် လျှောက်ထားသည့်နေ့မှ သုံးလအတွင်း တင်ပြရမည်။)

(ဈ) အသိအမှတ်ပြု အမှတ်တံဆိပ် မှတ်ပုံတင်ရန် လျှောက်ထားခြင်းဖြစ်လျှင် အသိအမှတ်ပြုအမှတ်တံဆိပ်ပိုင်ရှင်က အသုံးပြုခွင့် ထုတ်ပေးရာတွင် လိုက်နာရန် ချမှတ်ထားသော စည်းမျဉ်းများ၊ (အဆိုပါစည်းမျဉ်း များကို မှတ်ပုံတင်လျှောက်ထား သည့်နေ့မှ သုံးလအတွင်း တင်ပြရမည်။)

(ည) အမှတ်တံဆိပ်တွင် ပါဝင်သော စကားလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုသည် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု၏ လက္ခဏာများကို ဖော်ပြသည့်အမှတ်အသားများ သို့မဟုတ် ညွှန်ပြချက်များ၊ မျက်မှောက်ဝေါဟာရ အသုံးအနှုန်းတွင် ယေဘုယျအသုံးအနှုန်း သို့မဟုတ် ကုန်သွယ်မှုနယ်ပယ်၏လက်တွေ့ အသုံးအနှုန်းများ သို့မဟုတ် အမှတ် တံဆိပ်တစ်ခုအဖြစ် မသတ်မှတ်နိုင်သည့်အရာများဖြစ်လျှင် မိမိတစ်ဦးတည်း အသုံးပြုခွင့်တောင်းဆိုမည် မဟုတ်ကြောင်း မြွက်ဟချက်ပြုလုပ်ရမည့်စကားလုံး သို့မဟုတ် အစိတ်အပိုင်းများ၊

(ဋ) မှတ်ပုံတင်ပေးရန် လျှောက်ထားခြင်းအတွက် ပေးသွင်းရမည့် အခကြေးငွေပမာဏနှင့် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား၊

(ဌ) လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏လက်မှတ်။ (လက်မှတ်ရေးထိုးရာတွင် ရေးထိုးသူ၏ အမည်အပြည့်အစုံနှင့် လက်မှတ်ရေးထိုးသည့်ရက်စွဲ ဖော်ပြပါရှိရမည် ဖြစ်ပြီး ဦးစီးဌာနက သတ်မှတ်ထားသည့် အီလက်ထရောနစ်နည်းဖြင့် လျှောက်ထားလျှင် မူရင်းမင်ဖြင့် လက်မှတ်ရေးထိုးရန်မလိုအပ်ဘဲ အီလက်ထရောနစ်ပုံစံပေါ်တွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏အမည်ကို ဖော်ပြရမည်။ လျှောက်ထားသူ တစ်ဦးထက်ပိုသော လျှောက်ထားချက်ဖြစ်လျှင် လျှောက်ထားသူအားလုံး၏ ကိုယ်စား တစ်ဦးကသာ လက်မှတ်ရေးထိုးဆောင်ရွက်ရန် ၎င်းတို့အကြား သဘောတူထားသည့် အထောက်အထား မိတ္တူကို ပူးတွဲတင်ပြရမည်။)

၅။ (က) အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားရာတွင် ဥပဒေ ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ် (၂) အရ လျှောက်ထားခြင်းဆိုင်ရာ ဦးစားပေး အခွင့်အရေးရရှိရန် တောင်းဆိုခြင်း ဖြစ်လျှင်-

(၁) ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် အမှတ်တံဆိပ်မှတ်ပုံတင် စတင်လျှောက်ထားသည့်နေ့ရက်၊ လျှောက်ထား ချက်နံပါတ်၊ နိုင်ငံအမည်နှင့်ရုံးတို့ကို ဖော်ပြရမည်။

(၂) လျှောက်ထားသူသည် လျှောက်ထားချက် တင်သွင်းသည့်နေ့မှ သုံးလအတွင်း ယခင်လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်၊ လျှောက်ထားချက်နံပါတ်၊ နိုင်ငံအမည်နှင့် ရုံးတို့ပါရှိသည့် လျှောက်ထားချက်မိတ္တူကို မြန်မာဘာသာဖြင့် ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ တင်ပြရမည်။

(၃) ဦးစားပေးအခွင့်အရေး တောင်းဆိုသည့် လျှောက်ထားသူသည် ယခင် လျှောက်ထားချက်တွင်ပါရှိသည့် လျှောက်ထားသူမဟုတ်လျှင် ယခင်လျှောက် ထားသူက ဦးစားပေး အခွင့်အရေးကို လွှဲပြောင်းထားသည့် စာရွက်စာတမ်း အထောက်အထားများကို လျှောက်ထားချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ ပူးတွဲ တင်ပြရမည်။

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားရာတွင် ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၃) အရ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုခြင်းဖြစ်လျှင်-

(၁) ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် သက်ဆိုင်ရာနိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော

အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ စတင်ခင်းကျင်းပြသသည့်နေ့ရက်နှင့် နိုင်ငံအမည် တို့ကို ဖော်ပြရမည်။

(၂) လျှောက်ထားသူသည် လျှောက်ထားချက် တင်သွင်းသည့်နေ့မှ သုံးလအတွင်း ကုန်စည်ပြပွဲဆိုင်ရာ အာဏာပိုင်များက ထုတ်ပေးသော အမှတ်တံဆိပ်ကို အမှန်တကယ်အသုံးပြုကြောင်း အထောက်အထားတင်ပြရမည်။ ယင်းအထောက်အထားသည် လျှောက်ထားချက်ပါ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအတွက် အသုံးပြုသည့် အမှတ်တံဆိပ်ဖြစ်ကြောင်း ခိုင်လုံသည့် အထောက်အထားဖြစ်ရမည်။

(၃) ကုန်စည်ပြပွဲ စတင်ခင်းကျင်းပြသသည့်နေ့ရက်နှင့် လျှောက်ထားသူက ယင်းကုန်စည်ပြပွဲတွင် စတင်ခင်းကျင်းပြသသည့်နေ့ရက်တို့ မတူညီလျှင် အဆိုပါနေ့ရက်အသီးသီးအတွက် အထောက်အထားများကို တင်ပြရမည်။

(၄) ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုသည့် လျှောက်ထားသူသည် ကုန်စည်ပြပွဲတွင် စတင်ခင်းကျင်းပြသသူ မဟုတ်လျှင် ယင်းကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ကုန်စည်ပြပွဲတွင် စတင်ခင်းကျင်းပြသသူက လွှဲပြောင်းထားသည့် စာရွက်စာတမ်း အထောက်အထားများကို လျှောက်ထားချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ ပူးတွဲတင်ပြရမည်။

၆။ လျှောက်ထားသူသည် အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေးကို လျှောက်ထားခြင်းဖြစ်လျှင် ဤနည်းဥပဒေများ အခန်း (၄)ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

## အခန်း (၃)
## အမှတ်တံဆိပ်ဖော်ပြချက်

၇။ အမှတ်တံဆိပ်ကို လျှောက်ထားချက်၌ ဖော်ပြရာတွင် ယင်းအမှတ်တံဆိပ်၏ အကာအကွယ်ရယူလိုသော အဓိကအစိတ်အပိုင်းကို ရှင်းလင်းပြည့်စုံစွာ တင်ပြရမည်။

၈။ သုံးဖက်မြင်အမှတ်တံဆိပ် (Three-dimensional (3D) mark) အဖြစ် လျှောက်ထားခြင်းဖြစ်လျှင် ယင်းအမှတ်တံဆိပ်၏ ကွဲပြားခြားနားသောမြင်ကွင်း (Different Views) များ ဖော်ပြရမည်ဖြစ်ပြီး အရောင်နှစ်ရောင် သို့မဟုတ် နှစ်ရောင်ထက်ပို၍ ပေါင်းစပ်ထားသော အရောင်သီးသန့်အမှတ်တံဆိပ် (Combination of Color mark) အဖြစ် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အမှတ်တံဆိပ်အတွက် တိကျသည့်ပုံသဏ္ဌာန် သို့မဟုတ် တိကျသည့် အရောင်ပေါင်းစပ်မှုတို့ဖြင့် ဖန်တီးထားကြောင်း ဖော်ပြချက်များ ပါဝင်ရမည်။

၉။ အမှတ်တံဆိပ်တွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာကို အသုံးပြုထားသည့် အက္ခရာ၊ စကားလုံး သို့မဟုတ် ကိန်းဂဏန်းမှတစ်ပါး အခြားဘာသာဖြင့် အသုံးပြုထားသည့် အက္ခရာ၊ စကားလုံး သို့မဟုတ် ကိန်းဂဏန်းများပါဝင်လျှင် ယင်းတို့ကို မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ် ဘာသာဖြင့် အသံထွက်အက္ခရာဖလှယ်မှု ပါရှိရမည်။

၁၀။ အမှတ်တံဆိပ်တွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာမှတစ်ပါး အခြားဘာသာဖြစ်သည့် စကားလုံး သို့မဟုတ် စကားလုံးများပါဝင်လျှင် ယင်းတို့ကို မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ် ဘာသာသို့ ဘာသာပြန်ဆိုချက်ပါရှိရမည်။

၁၁။ လျှောက်ထားချက်တွင် ဖော်ပြထားသော အမှတ်တံဆိပ်ကို နောက်ဆက်တွဲဖြင့်လည်း တင်ပြနိုင်သည်။ ထိုသို့တင်ပြရာတွင်-

(က) စာရွက်ဖြင့် ဖော်ပြချက်တွင် အမှတ်တံဆိပ်နှင့် သက်ဆိုင်သည့် ရှင်းလင်းပြတ်သားသော မြင်ကွင်းများ သို့မဟုတ် ပုံများ ပါဝင်ရမည်ဖြစ်ပြီး A4 (၂၉.၇ စင်တီမီတာ၊ ၂၁ စင်တီမီတာ) ထက်မပိုသော အရွယ်အစားဖြစ်ရမည်။ ယင်း၏ ပတ်ပတ်လည် အနားသတ်မျဉ်းကို အနည်းဆုံး ၂.၅ စင်တီ မီတာ ချန်လှပ်ထားရမည်။

(ခ) အီလက်ထရောနစ်နည်းဖြင့် ဖော်ပြချက်တွင် ဒစ်ဂျစ်တယ်ဓာတ်ပုံ(.JPG)ဖိုင် အမျိုးအစားဖြင့် ဖော်ပြရမည်ဖြစ်ပြီး တစ်မက်ဂါဘိုက် (one megabyte) ထက်မပိုသော အရွယ်အစားဖော်ပြချက်ဖြစ်ရမည်။

## အခန်း(၄)
## အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေး

၁၂။ ဥပဒေပုဒ်မ ၉၃ ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် အမှတ်တံဆိပ်ပိုင်ရှင်သည် အောက်ဖော်ပြပါ အမှတ်တံဆိပ်များအတွက် နည်းဥပဒေ ၁၃ ပါ အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ရရှိခံစားလိုလျှင် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းကို တရားဝင်စတင်လက်ခံသည့်နေ့မှ ခြောက်လအတွင်း ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်-

(က) ဥပဒေ အာဏာမတည်မီက စာချုပ်စာတမ်းများ မှတ်ပုံတင်အက်ဥပဒေ (Registration Act, 1908) ၏ ညွှန်ကြားချက် - ၁၃ နှင့် စာချုပ်စာတမ်းများမှတ်ပုံတင် ဥပဒေ (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉) တို့အရ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်များ၊

(ခ) ဥပဒေ အာဏာမတည်မီက စာချုပ်စာတမ်းများ မှတ်ပုံတင်အက်ဥပဒေ (Registration Act, 1908) ၏ ညွှန်ကြားချက်-၁၃ နှင့် စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ (၂၀၁၈ ခုနှစ်၊

ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉ ) တို့အရ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံမတင်ထားသော်လည်း နိုင်ငံတော်၏ဈေးကွက်အတွင်းတွင် အမှန်တကယ်အသုံးပြုသည့် အမှတ်တံဆိပ်များ။

၁၃။ အမှတ်တံဆိပ်ပိုင်ရှင်သည် ယင်းအမှတ်တံဆိပ်ဖြင့် အသုံးပြုသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအတွက် အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းကို တရားဝင်စတင်လက်ခံသည့်နေ့မှ ငါးနှစ်အတွင်း အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေး ခံစားရမည်။ ယင်းအချိန်ကာလအတွင်း အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေးကို အခြေခံ၍ ဥပဒေပုဒ်မ ၂၆ အရ ကန့်ကွက်ရာတွင်လည်းကောင်း၊ ဥပဒေပုဒ်မ ၂၇ အရ ခုခံချေပရာတွင်လည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။

၁၄။ နည်းဥပဒေ ၁၂ နည်းဥပဒေခွဲ (က)ပါ အမှတ်တံဆိပ်များကို မှတ်ပုံတင်လျှောက်ထားရာတွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သည့် အထောက်အထားများနှင့် ပြည်တွင်းသတင်းစာ၊ မဂ္ဂဇင်း သို့မဟုတ် ဂျာနယ်တို့တွင် မှတ်ပုံတင်အမှတ်တံဆိပ်ဖြစ်ကြောင်း အသိပေး ကြေညာသည့် အထောက်အထားများ ပူးတွဲတင်ပြရမည်။

၁၅။ နည်းဥပဒေ ၁၂ နည်းဥပဒေခွဲ (ခ)ပါ အမှတ်တံဆိပ်များကို မှတ်ပုံတင်လျှောက်ထားရာတွင် အမှတ်တံဆိပ်ကို အသုံးပြုကြောင်း အခွန်ပြေစာ သို့မဟုတ် ကုန်ကျစရိတ်ပြေစာ၊ ငွေလက်ခံလွှာ သို့မဟုတ် ကုန်ပစ္စည်းများအတွက် လက်ခံလွှာ၊ စာရင်းဇယားများ၊ဈေးကွက်မြှင့်တင်သည့် သို့မဟုတ် အရောင်းမြှင့်တင်သည့် ကြော်ငြာချက်နှင့် ပြည်တွင်းသတင်းစာ၊ မဂ္ဂဇင်း သို့မဟုတ် ဂျာနယ်တို့တွင် အမှတ်တံဆိပ်၏ ပိုင်ရှင်ဖြစ်ကြောင်း အသိပေးကြေညာချက်ကဲ့သို့သော အထောက်အထားများကို ပူးတွဲတင်ပြရမည်။

၁၆။ နည်းဥပဒေ ၁၂ နည်းဥပဒေခွဲ (က) ပါ အမှတ်တံဆိပ်အတွက် အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုသည့် လျှောက်ထားသူသည် ဥပဒေအာဏာ မတည်မီက မှတ်ပုံတင်အက်ဥပဒေနှင့်အညီ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ပိုင်ရှင်မဟုတ်လျှင် အဆိုပါ တောင်းဆိုမှုအတွက် စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ပိုင်ရှင်က လွှဲပြောင်းထားကြောင်း သို့မဟုတ် အမည်ပြောင်းထားကြောင်း အထောက်အထားများကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၁၇။ လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြသည့် အထောက်အထားများနှင့် စပ်လျဉ်း၍-

(က) အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရယူလိုသော အမှတ်တံဆိပ်နှင့် ဥပဒေအာဏာမတည်မီက မှတ်ပုံတင်အက်ဥပဒေနှင့်အညီ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသော အမှတ်တံဆိပ် သို့မဟုတ် မှတ်ပုံမတင်ထားသော်လည်း

နိုင်ငံတော်၏ စျေးကွက်အတွင်းတွင် အမှန်တကယ် အသုံးပြုနေသော အမှတ်တံဆိပ်တို့သည် ထပ်တူညီရမည့်အပြင် ယင်းအမှတ်တံဆိပ်အတွက် အသုံးပြုမည့်ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုသည်လည်း ထပ်တူညီရမည်။

(ခ) ခိုင်လုံမှုမရှိသော အထောက်အထားများ၊ ထပ်မံချဲ့ထွင် ဖော်ပြထားသော ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုတို့ ပါရှိပါက ယင်းတို့ကို ထည့်သွင်းစဉ်းစားခြင်း မပြုရ။

၁၈။ အသုံးပြုခြင်းဆိုင်ရာဦးစားပေး အခွင့်အရေးသည် ဥပဒေ ပုဒ်မ ၃၁ နှင့် ၃၂ တို့တွင် ဖော်ပြထားသည့် ဦးစားပေးအခွင့်အရေးနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၁၉။ နည်းဥပဒေ ၁၂ အရ လျှောက်ထားပြီး မှတ်ပုံတင်ခွင့် ရရှိသော အမှတ်တံဆိပ်များနှင့်စပ်လျဉ်း၍ အမှတ်တံဆိပ်ပိုင်ရှင်သည် လျှောက်ထားချက် တင်သွင်းသည့်နေ့မှစ၍ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကို မှတ်ပုံတင်သက်တမ်းရှိနေသရွေ့ ခံစားခွင့်ရှိသည့်အပြင် ဤအခန်းပါ အသုံးပြုခြင်းဆိုင်ရာ ဦးစားပေးအခွင့်အရေးကို နည်းဥပဒေ ၁၃ ပါ သတ်မှတ်ထားသည့် ကာလအတွင်း ခံစားခွင့်ရှိသည်။

## အခန်း (၅)
## လျှောက်ထားချက်ကို စစ်ဆေးခြင်း

၂၀။ အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အေဂျင်စီက သတ်မှတ်ထုတ်ပြန်ထားသော အခကြေးငွေကို ဦးစီးဌာနက သတ်မှတ်ထားသည့် နည်းလမ်းအတိုင်းပေးသွင်းပြီး ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားချက် လက်ခံရရှိသည့်နေ့ကို ဥပဒေ ပုဒ်မ ၁၈ အရ နိုင်ငံတော်တွင် မှတ်ပုံတင်လျှောက်ထားချက်တင်သွင်းသည့်နေ့အဖြစ် မှတ်ပုံတင်အရာရှိက သတ်မှတ်ပေးရမည်။

၂၁။ စစ်ဆေးရေးအရာရှိသည်-

(က) လျှောက်ထားချက်တွင် ဥပဒေ ပုဒ်မ ၁၃ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိလျှင် ဖြစ်စေ၊ ဥပဒေ ပုဒ်မ ၁၇ ပုဒ်မခွဲ (က) ပါ အချက်များ ပြည့်စုံမှန်ကန်စွာပါဝင်ခြင်း မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ခ) ပါ သက်ဆိုင်ရာအချက်များ ပါဝင်ခြင်း မရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ရန် သို့မဟုတ် ရှင်းလင်းချက်များကို တင်ပြရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင် ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါလျှောက်ထားချက်ကို စွန့်လွှတ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်လျှင် ဥပဒေ ပုဒ်မ ၂၃ ပုဒ်မခွဲ(ဂ) အရ ဆက်လက် ဆောင်ရွက်ရမည်။

၂၂။ စစ်ဆေးရေးအရာရှိသည် လျှောက်ထားချက်တွင် မိမိတစ်ဦးတည်း အသုံးပြုခွင့် တောင်းဆိုမည်မဟုတ်ကြောင်း မြွက်ဟချက်ပြုလုပ်ရမည့်စကားလုံး သို့မဟုတ် အစိတ်အပိုင်းများကို နည်းဥပဒေ ၄ နည်းဥပဒေခွဲ (ည) အရ ဖော်ပြခြင်းမရှိလျှင် မှတ်ပုံတင်ခြင်းကို ထိခိုက်စေခြင်း မရှိဘဲ အဆိုပါ အမှတ်တံဆိပ်၏ စကားလုံး သို့မဟုတ် အစိတ်အပိုင်းများကို မိမိတစ်ဦးတည်း အသုံးပြုခွင့် တောင်းဆိုမည်မဟုတ်ကြောင်း မြွက်ဟချက်ပြုလုပ်ပေးရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ အကြောင်းကြားရမည်။ သို့သော် လျှောက်ထားသူ၏ ရရှိထားသော မူလအခွင့်အရေးကို ထိခိုက်ခြင်းမရှိစေရ။ အဆိုပါ မြွက်ဟချက်ပြုလုပ်သည့် စကားလုံး သို့မဟုတ် အစိတ်အပိုင်းသည် လျှောက်ထားသူ၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ သိသာထင်ရှားမှုဖြစ်လျှင် ယင်းစကားလုံး သို့မဟုတ် အစိတ်အပိုင်းနှင့်စပ်လျဉ်း၍ နောင်တွင်လျှောက်ထားမည့် လျှောက်ထားချက်၏ မြွက်ဟချက်အပေါ် အကျိုးသက်ရောက်မှု သို့မဟုတ် ထိခိုက်မှုမရှိစေရ။

၂၃။ (က) စစ်ဆေးရေးအရာရှိသည် လျှောက်ထားသူက လျှောက်ထားလာသည့် အမှတ်တံဆိပ်သည် ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) တို့ပါ ခြွင်းချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်ကြောင်း တင်ပြလာပါက မှတ်ပုံတင်လျှောက်ထားသည့်နေ့ရက် မတိုင်မီ ယင်းအမှတ်တံဆိပ်ကို အသုံးပြုခြင်းကြောင့် သုံးစွဲသူများအကြား သိသာထင်ရှားမှု ရရှိထားကြောင်း သို့မဟုတ် နိုင်ငံတော်၏ ကုန်သွယ်မှုနယ်ပယ်တွင် ယင်းအမှတ်တံဆိပ်ကို လျှောက်ထားသူကသဘောရိုးဖြင့် အနည်းဆုံးတစ်ဆက်တည်းသုံးနှစ် တစ်ဦးတည်း သီးသန့်အသုံးပြုလျက်ရှိကြောင်း လုံလောက်သော သက်သေခံအထောက်အထားများကို တောင်းခံနိုင်သည်။

(ခ) စစ်ဆေးရေးအရာရှိသည် နည်းဥပဒေခွဲ (က) အရ တင်ပြထားသည့် သက်သေခံအထောက်အထားများကို စစ်ဆေးရာ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အခြားဆက်စပ်နိုင်သည့် သက်သေခံအထောက်အထားများကို ထပ်မံတင်ပြရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ တောင်းခံနိုင်သည်။

၂၄။ လျှောက်ထားသည့် အမှတ်တံဆိပ်သည် ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) တို့ပါ ခြွင်းချက်နှင့် အကျုံးဝင်ကြောင်း လျှောက်ထားသူက သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တင်ပြနိုင်ခြင်း မရှိလျှင် စစ်ဆေးရေးအရာရှိသည် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ ထိုသို့ တင်ပြပါက မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားပြီး အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၂၅။ မှတ်ပုံတင်အရာရှိသည် သုံးဖက်မြင် အမှတ်တံဆိပ် (Three-dimensional (3D) mark) သို့မဟုတ် အရောင်နှစ်ရောင် သို့မဟုတ် နှစ်ရောင်ထက်ပို၍ ပေါင်းစပ်ထားသော အရောင်သီးသန့် အမှတ်တံဆိပ် (Combination of Color mark) များတွင် လက်တွေ့အသုံးပြုမှု (Functional) သို့မဟုတ် နည်းပညာဆိုင်ရာဖန်တီးမှု (Technology)များပါဝင်သည့် ယင်းအမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားချက်ကို နည်းဥပဒေ ၂၃ နည်းဥပဒေခွဲ(က) တွင် ဖော်ပြထားသည့် အချက်အလက်များ ပါဝင်သည် ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ အဆိုပါအမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့် မပြုရ။

၂၆။ မှတ်ပုံတင်အရာရှိသည် ဥပဒေ ပုဒ်မ ၂၅ ပုဒ်မခွဲ (ခ) အရ အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက်ကို ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ခ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) အမှတ်တံဆိပ်၏ ဖော်ပြချက်၊

(ဃ) မှတ်ပုံတင်ပေးရန် လျှောက်ထားသည့် အမှတ်တံဆိပ်၏ နံပါတ်နှင့် စာရင်းများ၊

(င) လျှောက်ထားချက်တင်သွင်းသည့် ရက်စွဲနှင့် လျှောက်ထားချက်နံပါတ်၊

(စ) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေး အခွင့်အရေးပါ အချက်အလက်များ၊

(ဆ) လျှောက်ထားသူက မိမိတစ်ဦးတည်း အသုံးပြုခွင့် တောင်းဆိုမည် မဟုတ်ကြောင်း မြွက်ဟချက် ပြုလုပ်သည့် အမှတ်တံဆိပ်၏ အစိတ်အပိုင်း၊

(ဇ) လျှောက်ထားသည့်အမှတ်တံဆိပ်သည် တစ်ဆက်တည်းအသုံးပြုခြင်းကြောင့် သိသာထင်ရှားမှုရှိကြောင်း ကျိုးကြောင်းဖော်ပြချက်များ၊

(ဈ) စုပေါင်းပိုင်အမှတ်တံဆိပ် သို့မဟုတ် အသိအမှတ်ပြုအမှတ်တံဆိပ်အတွက် မှတ်ပုံတင် လျှောက်ထားခြင်းဖြစ်ပါက ယင်းအမှတ်တံဆိပ်နှင့် စပ်လျဉ်းသည့် အချက်အလက်များ။

## အခန်း(၆)
## ပြန်လည်လျှောက်ထားခြင်း

၂၇။ လျှောက်ထားသူသည် လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ရန် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လိုက်နာရန် ပျက်ကွက်မှုကြောင့် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှုဖြစ်ပေါ်စေမည် ဆိုပါက လိုက်နာရန်ပျက်ကွက်မှုကြောင့် စွန့်လွှတ်ခံရသည့်နေ့မှရက်ပေါင်း ၆၀ အတွင်း အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်လွှာပုံစံ TM – 3 ဖြင့် မှတ်ပုံတင်အရာရှိထံ ပြန်လည်လျှောက်ထားနိုင်သည်။

၂၈။ နည်းဥပဒေ ၂၇ အရ ပြန်လည်လျှောက်ထားရာတွင် အောက်ပါတို့ အနည်းဆုံး ပါဝင်ရမည်-

(က) လျှောက်ထားချက်နံပါတ်၊

(ခ) လျှောက်ထားသူ၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM – 2 ကို ပူးတွဲတင်ပြရမည်။ လျှောက်ထားသူ၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်းတည်ရှိရာနိုင်ငံသည် နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM – 2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(ဃ) ပြန်လည်လျှောက်ထားခြင်းအတွက် ပေးသွင်းရမည့် အခကြေးငွေပမာဏနှင့် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား။

၂၉။ မှတ်ပုံတင်အရာရှိသည် ပြန်လည်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍-

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ (က)အရ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် လျှောက်ထားချက်ကို လက်ခံရမည်။

## အခန်း(၇)

## စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့် ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်ခြင်း

၃၀။ လျှောက်ထားသူသည် လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်းအထောက်အထားတစ်ခုခုတွင် ပါရှိသည့် စာအရေးအသားအမှားနှင့် လျှောက်ထားသူ၏ နေရပ်လိပ်စာ၊ ကိုယ်စားလှယ်၏ လုပ်ငန်းဆောင်ရွက်သည့်လိပ်စာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားနံပါတ်များကို တိုးချဲ့ခြင်းမပြုဘဲ အစားထိုး ပြင်ဆင်ခြင်း၊ အမှတ်တံဆိပ်ကို ပြင်ဆင်ပြောင်းလဲခြင်းမဟုတ်သည့် အမှတ်တံဆိပ်တွင် ပါဝင်သော စကားလုံး သို့မဟုတ် အစိတ်အပိုင်းကို မိမိတစ်ဦးတည်းအသုံးပြုခွင့် တောင်းဆိုမည် မဟုတ်ကြောင်း မြွက်ဟချက်ကို ဖြည့်စွက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းနှင့် အမှတ်တံဆိပ်ကို ဘာသာပြန်ဆိုခြင်းများ ကဲ့သို့သော ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက ပြင်ဆင်ပေးရန် လျှောက်လွှာပုံစံ TM – 4 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၁။ နည်းဥပဒေ ၃၀ အရ လျှောက်ထားသူသည် လျှောက်ထားရာတွင် မှတ်ပုံတင်အရာရှိက အမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက နောက်ဆုံး ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ လျှောက်ထားရမည်။

၃၂။ နည်းဥပဒေ ၃၀ အရ လျှောက်ထားရာတွင် အောက်ပါတို့ အနည်းဆုံး ပါဝင်ရမည်-

(က) လျှောက်ထားချက်နံပါတ်၊

(ခ) လျှောက်ထားသူ၏ အမည်နှင့်နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM – 2 ကို ပူးတွဲတင်ပြရမည်။ လျှောက်ထားသူ၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်းတည်ရှိရာနိုင်ငံသည် နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုင်ငံတကာ

ပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM – 2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(ဃ) စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်ပေးရန် လျှောက်ထားခြင်းအတွက် ပေးသွင်းရမည့် အခကြေးငွေပမာဏနှင့် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား။

၃၃။ မှတ်ပုံတင်အရာရှိသည် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ (က)အရ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် ပြင်ဆင်ပေးရန် တောင်းဆိုသည့် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို လျှောက်ထားချက်တွင် ပြင်ဆင်၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။

## အခန်း(၈)

## လျှောက်ထားချက်ကို ရုပ်သိမ်းခြင်း

၃၄။ လျှောက်ထားသူသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်တစ်ခုလုံးကို ဖြစ်စေ၊ လျှောက်ထားချက်ပါ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရုပ်သိမ်းပေးရန် လျှောက်လွှာပုံစံ TM – 5 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၅။ နည်းဥပဒေ ၃၄ အရ လျှောက်ထားရာတွင် အောက်ပါတို့ အနည်းဆုံး ပါဝင်ရမည်-

(က) လျှောက်ထားချက်နံပါတ် ၊

(ခ) လျှောက်ထားသူ၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM – 2 ကို ပူးတွဲတင်ပြရမည်။ လျှောက်ထားသူ၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ

သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံသည် နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM – 2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(ဃ) ရုပ်သိမ်းလိုသည့် နံပါတ်နှင့် စာရင်းများ။

၃၆။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားချက်ကို ရုပ်သိမ်းပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍–

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် လျှောက်ထားချက် တစ်ခုလုံးကို ရုပ်သိမ်းပေးရန် တောင်းဆိုခြင်းဖြစ်ပါက လျှောက်ထားချက် တစ်ခုလုံးကိုဖြစ်စေ၊ လျှောက်ထားချက်ပါ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားများ၏ တစ်စိတ်တစ်ဒေသကို ရုပ်သိမ်းပေးရန် တောင်းဆိုခြင်းဖြစ်ပါက ယင်းတောင်းဆိုသည့် တစ်စိတ်တစ်ဒေသကိုဖြစ်စေ ရုပ်သိမ်းရမည်။ ယင်းသို့ ရုပ်သိမ်းကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

## အခန်း(၉)

## ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုစာရင်းကို ချဲ့ထွင်ခြင်းမပြုဘဲ ကန့်သတ်ခြင်း သို့မဟုတ် လျှော့ချခြင်း

၃၇။ လျှောက်ထားသူသည် အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်တွင် ပါဝင်သော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုစာရင်းကို ချဲ့ထွင်ခြင်း မပြုဘဲ ကန့်သတ်ပေးရန် သို့မဟုတ် လျှော့ချပေးရန် လျှောက်လွှာပုံစံ TM – 6 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၈။ နည်းဥပဒေ ၃၇ အရ လျှောက်ထားရာတွင် အောက်ပါတို့ အနည်းဆုံး ပါဝင်ရမည်–

(က) လျှောက်ထားချက်နံပါတ်၊

(ခ) လျှောက်ထားသူ၏ အမည်နှင့်နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM – 2 ကို ပူးတွဲတင်ပြရမည်။ လျှောက်ထားသူ၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်းတည်ရှိရာနိုင်ငံသည် နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM – 2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(ဃ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုစာရင်းကို ကန့်သတ်ပေးရန် သို့မဟုတ် လျှော့ချပေးရန် လျှောက်ထားခြင်းအတွက် ပေးသွင်းရမည့် အခကြေးငွေပမာဏနှင့် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား။

၃၉။ မှတ်ပုံတင်အရာရှိသည် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု စာရင်းကို ကန့်သတ်ပေးရန် သို့မဟုတ် လျှော့ချပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် မှတ်ပုံတင် လျှောက်ထားချက်တွင် ပါဝင်သော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု စာရင်းကို ပြင်ဆင်၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။

## အခန်း(၁၀)

## လျှောက်ထားချက်ကို ခွဲခြားခြင်း

၄၀။ လျှောက်ထားသူသည် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အများအပြား ပါဝင်သည့် အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက်ကို တစ်စောင်ထက်ပိုသော လျှောက်ထားချက်များအဖြစ် ခွဲခြားပေးရန် လျှောက်လွှာပုံစံ TM – 7 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၄၁။ နည်းဥပဒေ ၄၀ အရ လျှောက်ထားရာတွင် အောက်ပါတို့ အနည်းဆုံး ပါဝင်ရမည်-

(က) လျှောက်ထားချက်နံပါတ်၊

(ခ) လျှောက်ထားသူ၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဂ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM – 2 ကို ပူးတွဲတင်ပြရမည်။ လျှောက်ထားသူ၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်းတည်ရှိရာနိုင်ငံသည် နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM – 2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(ဃ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ခွဲခြားပေးရန် လျှောက်ထားခြင်းအတွက် ပေးသွင်းရမည့်အခကြေးငွေပမာဏနှင့် အခကြေးငွေပေးသွင်းပြီးကြောင်း အထောက်အထား။

၄၂။ မှတ်ပုံတင်အရာရှိသည် လျှောက်ထားချက်ကို ခွဲခြားပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍-

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) လျှောက်ထားသူက နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင်–

(၁) လျှောက်ထားချက် အသစ်တစ်ခုချင်းစီအတွက် ခွဲခြားပေးရန် လျှောက်ထားချက်နှင့် မူလလျှောက်ထားချက် မိတ္တူအပြည့်အစုံ ပါဝင်သည့် သီးခြားဖိုင်ထားရှိရမည်။

(၂) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမျိုးအပြား ပါဝင်သော လျှောက်ထားချက်များကို လျှောက်ထားချက်အသစ်များအဖြစ် ခွဲခြားပေးရန် လျှောက်ထားလျှင် ယင်းလျှောက်ထားချက် တစ်ခုချင်းစီအတွက် မူလလျှောက်ထားချက် တင်သွင်းသည့်နေ့ကို လျှောက်ထားချက် တင်သွင်းသည့်နေ့အဖြစ် သတ်မှတ်ရမည်။

(၃) ခွဲခြားထားသည့် လျှောက်ထားချက်တစ်ခုချင်းစီအတွက် လျှောက်ထားချက်နံပါတ်အသစ် သီးခြားစီသတ်မှတ်၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။

(၄) ခွဲခြားထားသည့် လျှောက်ထားချက်အသစ် တစ်ခုချင်းစီကို နည်းဥပဒေ ၂၆ နှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း(၁၁)

## ကန့်ကွက်ခြင်း

၄၃။ ဥပဒေပုဒ်မ ၂၆ အရ အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်သူသည် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဥပဒေပုဒ်မ ၁၃ နှင့် ၁၄ တို့တွင် ဖော်ပြထားသော အကြောင်းပြချက်တစ်ရပ်ရပ်အပေါ် အခြေခံ၍ လျှောက်လွှာပုံစံ TM – 8 ဖြင့် မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာ တင်သွင်းနိုင်သည်။

၄၄။ နည်းဥပဒေ ၄၃ အရ ကန့်ကွက်လွှာ တင်သွင်းရာတွင် အောက်ပါတို့ အနည်းဆုံး ပါဝင်ရမည်–

(က) ကန့်ကွက်လိုသည့် အမှတ်တံဆိပ် လျှောက်ထားချက်နံပါတ်၊

(ခ) လျှောက်ထားသူ၏ အမည်၊

(ဂ) ကန့်ကွက်ချက်တွင် ပါဝင်မည့် နံပါတ်နှင့် စာရင်းများ၊

(ဃ) ကန့်ကွက်သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အမျိုးအစား၊ အဖွဲ့အစည်းတည်ထောင်ရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(င) ကန့်ကွက်သူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM – 2 ကို ပူးတွဲတင်ပြရမည်။ ကန့်ကွက်သူ၏အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံသည် နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM – 2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(စ) ကန့်ကွက်ခြင်းအတွက် ပေးသွင်းရမည့် အခကြေးငွေ ပမာဏနှင့် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား။

၄၅။ ကန့်ကွက်သူသည် ဥပဒေ ပုဒ်မ ၁၄ ပါ ငြင်းပယ်ရန် ဆက်စပ်သော အကြောင်းပြချက် တစ်ရပ်ရပ်အပေါ် အခြေခံ၍ ကန့်ကွက်ရာတွင် နည်းဥပဒေ ၄၄ ပါ ဖော်ပြထားသည့် အချက်အလက်များအပြင် သက်ဆိုင်သည့် အောက်ပါ အချက်အလက်များ ပူးတွဲ ပါဝင်ရမည်-

(က) ဥပဒေပုဒ်မ ၁၄ ပုဒ်မ ခွဲ(က) အရ ကန့်ကွက်ခြင်းဖြစ်လျှင်-

(၁) မိမိမှတ်ပုံတင်ထားသော သို့မဟုတ် ဦးစွာလျှောက်ထားသော သို့မဟုတ် ဦးစားပေးအခွင့်အရေး လျှောက်ထားသော သို့မဟုတ် လွှဲပြောင်းအသုံးပြုခွင့် ရရှိထားသော သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိထားသော အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူ အမှတ်တံဆိပ်ဖြစ်ကြောင်း ရှင်းလင်းပြည့်စုံသော ကျိုးကြောင်းဖော်ပြချက်၊

(၂) မှတ်ပုံတင်ထားသော သို့မဟုတ် ဦးစွာလျှောက်ထားသော သို့မဟုတ် ဦးစားပေးအခွင့်အရေး ရရှိထားသော အမှတ်တံဆိပ်ဖြစ်လျှင် လျှောက်ထားချက် တင်သွင်းသည့် ရက်စွဲ၊ လျှောက်ထားချက်နံပါတ်၊ မှတ်ပုံတင်ရရှိသည့် ရက်စွဲ၊ အမှတ်တံဆိပ်မှတ်ပုံတင်နံပါတ်နှင့် ဦးစားပေးအခွင့်အရေး တောင်းဆိုသည့် ရက်စွဲ၊

(၃) မှတ်ပုံတင်လျှောက်ထားသည့်နေ့ရက်ကို မတင်ပြနိုင်သည့် အမှတ်တံဆိပ် ဖြစ်လျှင် နိုင်ငံတော်အတွင်း အခွင့်အရေး အကာအကွယ် စတင်ရရှိထားသည့် နေ့ရက်ကို မှတ်ပုံတင်အရာရှိက ခွင့်ပြုပေးနိုင်သည့် အထောက်အထား၊

(၄) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် အခွင့်အရေး ဦးစွာရရှိသူက လျှောက်ထားခြင်းဖြစ်လျှင် ကန့်ကွက်လွှာ တင်သွင်းခွင့်ရှိကြောင်း ဖော်ပြချက်၊

(ခ) ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င) နှင့် (စ) တို့ပါ အချက်အလက်များအပေါ် အခြေခံ၍ ကန့်ကွက်ခြင်းဖြစ်လျှင် ယင်းနှင့်သက်ဆိုင်သည့် အထောက်အထားများ။

၄၆။ ကန့်ကွက်သူသည် ဥပဒေ ပုဒ်မ ၁၄ ပါ ငြင်းပယ်ရန် ဆက်စပ်သော အကြောင်းပြချက်တစ်ရပ် ထက်ပိုသော အကြောင်းပြချက်များအပေါ် အခြေခံ၍ ကန့်ကွက်လျှင် ယင်းအကြောင်းပြချက် တစ်ခုချင်းစီအတွက် နည်းဥပဒေ ၄၅ ပါ သတ်မှတ်ထားသော အချက်အလက်များ ပါရှိရမည်။

၄၇။ တင်ပြထားသည့် ကန့်ကွက်လွှာနှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို မိတ္တူနှစ်စုံ ဖြင့် တင်ပြရမည်။

၄၈။ ကန့်ကွက်လွှာတင်သွင်းသည့် အချက်များကို စိစစ်ရာတွင် တစ်ဦးထက်ပိုသူများက တူညီသော နေ့ရက် သို့မဟုတ် တူညီသော ဦးစားပေးအခွင့်အရေး နေ့ရက်များတွင် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ် များအပေါ် မှတ်ပုံတင်ပေးရန် လျှောက်ထားကြောင်း ပေါ်ပေါက်ပါက ဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ(ခ)အရ ဆွေးနွေးညှိနှိုင်းပြီးနောက် ယင်းတို့အကြား သဘောတူညီချက် မရရှိလျှင် ဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ(ဂ)အရ မှတ်ပုံတင်အရာရှိသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) သင့်လျော်သောနည်းလမ်းများကို အသုံးပြု၍ ညှိနှိုင်းဖြေရှင်းပေးခြင်း၊

(ခ) နည်းဥပဒေခွဲ(က) အရ ညှိနှိုင်းပေးခြင်းအပေါ် သဘောတူညီချက် မရရှိလျှင် အဆိုပါ အမှတ်တံဆိပ်များအတွက် မှတ်ပုံတင်လျှောက်ထားခြင်းကို ပယ်ဖျက်ခြင်း။

## အခန်း(၁၂)

## ကန့်ကွက်ခြင်းဆိုင်ရာ ဆောင်ရွက်မည့်နည်းလမ်းများ

၄၉။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာ လက်ခံရရှိသည့်အခါ-

(က) ကန့်ကွက်လွှာကို လက်ခံခြင်း ရှိ မရှိ ဦးစွာ ဆုံးဖြတ်၍ ကန့်ကွက်သူထံ အကြောင်းကြားရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အကြောင်းပြချက်များနှင့် သက်သေခံ အထောက်အထားများကို တင်ပြရန်နှင့် ကျော်ကြားသော အမှတ်တံဆိပ်ဖြစ်ပါက ယင်းအမှတ်တံဆိပ်ဖြစ်ကြောင်း သက်သေခံ အထောက်အထားများကိုတင်ပြရန် ကန့်ကွက်သူထံ တောင်းခံရမည်။ ကန့်ကွက်သူက တင်ပြထားသော လျှောက်ထားချက်နှင့် သက်သေခံ အထောက်အထားများကို လျှောက်ထားသူထံ ပေးပို့ အကြောင်းကြားရမည်။ ကန့်ကွက်သူက သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တင်ပြရန်ပျက်ကွက်လျှင် အဆိုပါ ကန့်ကွက်လွှာသည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) လျှောက်ထားသူက ကန့်ကွက်သူထံမှ နည်းဥပဒေခွဲ (ခ) အရ အထောက်အထားများအပြင် အမှတ်တံဆိပ်၏ အသုံးပြုခြင်းဆိုင်ရာ သက်သေခံ အထောက်အထားများနှင့် ကျော်ကြားသော အမှတ်တံဆိပ်ဆိုင်ရာ သက်သေခံအထောက်အထားများကဲ့သို့သော နောက်ထပ် သက်သေခံ အထောက်အထားများကို တောင်းဆိုနိုင်ရန်နှင့် ယင်းအထောက်အထားများ တောင်းဆိုရန် မရှိပါက ခုခံချေပချက်နှင့်အတူ လိုအပ်သော စာရွက်စာတမ်း အထောက်အထားများကို အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တင်ပြနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဃ) လျှောက်ထားသူက နောက်ထပ် သက်သေခံအထောက်အထားများ တောင်းဆိုလျှင် အမှတ်တံဆိပ်ကို အသုံးပြုခြင်း သို့မဟုတ် အသုံးပြုမှု ပျက်ကွက်ခြင်းအတွက် ခိုင်လုံသော အထောက်အထားများကို အကြောင်းကြားစာပေးပို့သည့်နေ့မှရက်ပေါင်း ၆၀ အတွင်း တင်ပြရန် ကန့်ကွက်သူ ထံ အကြောင်းကြားရမည်။

(င) ကန့်ကွက်သူက နောက်ထပ် သက်သေခံအထောက်အထားများ တင်ပြပါက ခုခံချေပချက်ကို အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(စ) ထပ်မံရှင်းလင်းချက်များ လိုအပ်သည်ဟု ယူဆလျှင် သက်ဆိုင်ရာပုဂ္ဂိုလ်များထံ နောက်ထပ်အကြောင်းပြချက်များ သို့မဟုတ် အခြားစာရွက်စာတမ်းများကို အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်ပြရန် တောင်းခံနိုင်သည်။

(ဆ) လိုအပ်ပါက နှစ်ဦးနှစ်ဖက်ကို ကြားနာရန် ဆင့်ခေါ်နိုင်သည်။

(ဇ) တင်ပြထားသည့် အကြောင်းပြချက်၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားနှင့် စာရွက်စာတမ်းများအပေါ် အခြေခံ၍ ကန့်ကွက်ခြင်းကို ဆုံးဖြတ်ရမည်။

(ဈ) ဥပဒေ ပုဒ်မ ၂၈ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ မှတ်ပုံတင် စာရင်းတွင် ဆုံးဖြတ်ချက်ကို မှတ်တမ်းတင်ပြီး သက်ဆိုင်ရာပုဂ္ဂိုလ်များထံ အကြောင်းကြားရမည့်အပြင် အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၅၀။ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းအပေါ် ကန့်ကွက်ခြင်းနှင့် စပ်လျဉ်း၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) လျှောက်ထားချက်နံပါတ်၊

(ခ) လျှောက်ထားသူ၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဃ) ကန့်ကွက်ချက်တွင် ပါဝင်သည့် နံပါတ်နှင့် စာရင်းများ။

## အခန်း (၁၃)

## ကျော်ကြားသော အမှတ်တံဆိပ်အဖြစ် ထည့်သွင်းစဉ်းစားရမည့် အချက်များ

၅၁။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်ကို ကျော်ကြားသောအမှတ်တံဆိပ်အဖြစ် ဆုံးဖြတ်ရာတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရမည်-

(က) နိုင်ငံတော်အတွင်း သက်ဆိုင်ရာနယ်ပယ်တွင် အများပြည်သူ၏ အသိအမှတ်ပြုမှု သို့မဟုတ် လူသိများမှုပမာဏ၊

(ခ) အမှတ်တံဆိပ် အသုံးပြုမှုတစ်ရပ်ရပ်၏အချိန်ကာလ၊ အတိုင်းအတာနှင့် နယ်ပယ်ဒေသ၊

(ဂ) အမှတ်တံဆိပ်အသုံးပြုထားသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ကြော်ငြာခြင်း သို့မဟုတ် အများပြည်သူ သိရှိရန် ဆောင်ရွက်ခြင်းနှင့် ကုန်စည်ပြပွဲဆိုင်ရာ ခင်းကျင်းပြသခြင်းများအပါအဝင် အမှတ်တံဆိပ်ကို ရောင်းအားမြှင့်တင်ခြင်း ပြုလုပ်သည့် အချိန် ကာလ၊ အတိုင်းအတာနှင့် နယ်ပယ်ဒေသ၊

(ဃ) အမှတ်တံဆိပ်၏ အသုံးပြုမှုနှင့် အသိအမှတ်ပြုမှုတို့ကို တိုင်းတာရန် ယင်းအမှတ်တံဆိပ်၏ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဖြင့်ဖြစ်စေ၊ မူပိုင်ခွင့်မှတ်ပုံတင်ရန် လျှောက်ထားခြင်းဖြင့် ဖြစ်စေ၊ နှစ်ရပ်လုံးဖြင့်ဖြစ်စေ ယင်းတို့နှင့် သက်ဆိုင်သည့် အချိန်ကာလနှင့် နယ်ပယ်ဒေသ၊

(င) အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးနှင့်စပ်လျဉ်း၍ အရေးယူမှုဆိုင်ရာ အောင်မြင်သော မှတ်တမ်းများ၊ အထူးသဖြင့် သက်ဆိုင်ရာအာဏာပိုင်များက ကျော်ကြားသော အမှတ်တံဆိပ်အဖြစ် အသိအမှတ်ပြုသော မှတ်တမ်းများ၊

(စ) အမှတ်တံဆိပ်၏ တန်ဖိုး၊

(ဆ) အမှတ်တံဆိပ်သည် ကျော်ကြားသော အမှတ်တံဆိပ်ဖြစ်ကြောင်း ဆုံးဖြတ်နိုင်သည့် အခြားသော အချက်အလက်များ။

၅၂။ နည်းဥပဒေ ၅၁ တွင် ဖော်ပြထားသော အချက်အလက်များသည် မှတ်ပုံတင်အရာရှိက အမှတ်တံဆိပ်ကို ကျော်ကြားသော အမှတ်တံဆိပ်အဖြစ် ဆုံးဖြတ်ရာတွင် အထောက်အကူဖြစ်စေရန် လမ်းညွှန်ချက်များဖြစ်သော်လည်း စဉ်းစားဆုံးဖြတ်ရန် ကြိုတင်သတ်မှတ်ချက်များဟု မမှတ်ယူရ။

၅၃။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်ကို ကျော်ကြားသောအမှတ်တံဆိပ်အဖြစ် ဆုံးဖြတ်ရာတွင် နိုင်ငံတော်အတွင်း အများပြည်သူနှင့် သက်ဆိုင်သည့် နယ်ပယ်နှင့် လူသိများမှု ပမာဏများကို ကန့်သတ်ထားခြင်းမရှိသော်လည်း အောက်ပါတို့ကို ထည့်သွင်းစဉ်းစားနိုင်သည်-

(က) အမှတ်တံဆိပ် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို အမှန်တကယ် စားသုံးသူများ သို့မဟုတ် အလားအလာရှိသော စားသုံးသူများ၊

(ခ) အမှတ်တံဆိပ် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ဖြန့်ဖြူးနေသော သို့မဟုတ် ဆောင်ရွက်နေသော သူများ၊

(ဂ) အမှတ်တံဆိပ် အသုံးပြုထားသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းဝယ်ဖောက်ကားနေသော သို့မဟုတ် ဆောင်ရွက်နေသော စီးပွားရေးအသိုက်အဝန်း။

၅၄။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်ကို ကျော်ကြားသောအမှတ်တံဆိပ်အဖြစ် ဆုံးဖြတ်ရာတွင် အောက်ပါအခြေအနေများကို ထည့်သွင်းစဉ်းစားခြင်း မပြုရ-

(က) နိုင်ငံတော်အတွင်း အမှတ်တံဆိပ်ကို အသုံးပြုခြင်း၊ မှတ်ပုံတင်ရရှိထားခြင်း သို့မဟုတ် မှတ်ပုံတင်ရန် လျှောက်ထားပြီးဖြစ်ခြင်း၊

(ခ) နိုင်ငံတော်မှတစ်ပါး အခြားသောနိုင်ငံများတွင် ကျော်ကြားသော အမှတ်တံဆိပ်ဖြစ်ခြင်း၊ မှတ်ပုံတင်ထားခြင်း၊ မှတ်ပုံတင်ရန်လျှောက်ထားခြင်း သို့မဟုတ် တရားရေးအရ ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံတော်အတွင်းရှိ ပြည်သူများအကြား၌ ကျော်ကြားနေသော အမှတ်တံဆိပ်ဖြစ်ခြင်း။

## အခန်း (၁၄)

## မှတ်ပုံတင်ခြင်းနှင့် မှတ်တမ်းတင်ခြင်း

၅၅။ အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းအပေါ် ကန့်ကွက်ရန် လျှောက်ထားခြင်းမရှိလျှင်ဖြစ်စေ၊ လျှောက်ထားသော ကန့်ကွက်ခြင်းတစ်ရပ်ရပ်အပေါ် ကန့်ကွက်သူက ပြန်လည် ရုပ်သိမ်းလျှင်ဖြစ်စေ၊ ကန့်ကွက်ခြင်းတစ်ရပ်ရပ်အပေါ် ငြင်းပယ်ခြင်းခံရလျှင်ဖြစ်စေ မှတ်ပုံတင်အရာရှိသည် အကြောင်းကြားစာပေးပို့သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင် အခကြေးငွေ ပေးသွင်းရန် လျှောက်ထားသူထံ အကြောင်းကြား ရမည်။ အဆိုပါ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပေးသွင်းနိုင်ခြင်းမရှိပါက မှတ်ပုံတင်ခြင်း ကို စွန့်လွှတ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၅၆။ ဥပဒေ ပုဒ်မ ၂၈ ပုဒ်မခွဲ (ဂ) အရ အမှတ်တံဆိပ် မှတ်ပုံတင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်တမ်းတင်ရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) လျှောက်ထားချက်နံပါတ်၊

(ခ) လျှောက်ထားချက် တင်သွင်းသည့် ရက်စွဲ၊

(ဂ) လျှောက်ထားသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အမျိုးအစား၊ အဖွဲ့အစည်း တည်ထောင်ရာနိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(ဃ) လျှောက်ထားသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(င) အမှတ်တံဆိပ်၏ ဖော်ပြချက်၊

(စ) အမှတ်တံဆိပ် မှတ်ပုံတင်ခွင့်ရရှိသည့် နံပါတ်နှင့် စာရင်းများ၊

(ဆ) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေး အခွင့်အရေးပါ အချက်အလက်များ၊

(ဇ) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးပါ အချက်အလက်များ၊

(ဈ) လျှောက်ထားသူက မိမိတစ်ဦးတည်း အသုံးပြုခွင့် တောင်းဆိုမည် မဟုတ်ကြောင်း မြွက်ဟချက် တောင်းဆိုသည့် အမှတ်တံဆိပ်၏ အစိတ်အပိုင်း၊

(ည) တစ်ဆက်တည်းအသုံးပြုခြင်းကြောင့် သိသာထင်ရှားမှုရှိကြောင်း တောင်းဆိုသည့် မှတ်ပုံတင်ခြင်းအတွက် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် အမှတ်တံဆိပ်တို့အကြား သိသာထင်ရှားမှုရှိလာသည့် ကျိုးကြောင်းဖော်ပြချက်များ၊

(ဋ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်သည့်ရက်စွဲ၊

(ဌ) အမှတ်တံဆိပ်မှတ်ပုံတင်နံပါတ်၊

(ဍ) အမှတ်တံဆိပ်၏ မှတ်ပုံတင် သက်တမ်းကုန်ဆုံးမည့် ရက်စွဲ၊

(ဎ) စုပေါင်းပိုင်အမှတ်တံဆိပ် သို့မဟုတ် အသိအမှတ်ပြု အမှတ်တံဆိပ်အတွက် လျှောက်ထားခြင်းဖြစ်လျှင် လျှောက်ထားချက်ပါ အချက်အလက်များ။

၅၇။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက်ကို ဥပဒေ ပုဒ်မ ၂၈ ပုဒ်မခွဲ (ဂ)နှင့် အညီ-

(က) ခွင့်ပြုလျှင် ခွင့်ပြုကြောင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး နည်းဥပဒေ ၅၆ ပါ အချက်အလက်များအတိုင်း အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

(ခ) ငြင်းပယ်လျှင် ငြင်းပယ်ကြောင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

(ဂ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုလျှင် အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူထံ ထုတ်ပေးရမည်။

၅၈။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်ပိုင်ရှင်က အမှတ်တံဆိပ်မှတ်ပုံတင် လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးသဖြင့် မိတ္တူမှန်ထုတ်ပေးရန် အေဂျင်စီက သတ်မှတ်သည့် အခကြေးငွေ

ပေးသွင်းပြီး ဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ (က) အရ လျှောက်လွှာပုံစံ TM – 9 ဖြင့် လျှောက်ထားလာပါက အမှတ်တံဆိပ် မှတ်ပုံတင် လက်မှတ် မိတ္တူမှန် ထုတ်ပေးရမည်။

## အခန်း(၁၅)

## မှတ်ပုံတင်စာရင်းကို ပြင်ဆင်ခြင်း

၅၉။ အမှတ်တံဆိပ်ပိုင်ရှင်သည် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသား အမှားကို ပြင်ဆင်ပေးရန်သော်လည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာကို ပြင်ဆင်ပေးရန် သော်လည်းကောင်း၊ မှတ်ပုံတင်ပြီးသည့် အမှတ်တံဆိပ်၊ နံပါတ်နှင့် စာရင်းများမှလွဲ၍ ပြင်ဆင်ခွင့် ပြုနိုင်သည့် မည်သည့်မှားယွင်းမှုများကိုမဆို ပြင်ဆင်ပေးရန်သော်လည်းကောင်း လျှောက်လွှာပုံစံ TM – 10 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၆၀။ နည်းဥပဒေ ၅၉ အရ လျှောက်ထားရာတွင် အောက်ပါတို့ အနည်းဆုံး ပါဝင်ရမည်–

(က) အမှတ်တံဆိပ် မှတ်ပုံတင်နံပါတ်၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) အမှတ်တံဆိပ်ပိုင်ရှင်သည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM – 2 ကို ပူးတွဲတင်ပြရမည်။ အမှတ်တံဆိပ်ပိုင်ရှင်၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံသည်နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုတြီ ပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM – 2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(ဃ) မှတ်ပုံတင်စာရင်းကို ပြင်ဆင်ပေးရန် လျှောက်ထားခြင်းအတွက် ပေးသွင်းရမည့် အခကြေးငွေ ပမာဏနှင့် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား။

၆၁။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်စာရင်းကို ပြင်ဆင်ပေးရန် လျှောက်ထား ခြင်းနှင့် စပ်လျဉ်း၍ –

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ ပေးပို့သည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် အမှတ်တံဆိပ်ပိုင်ရှင်ထံ အကြောင်းကြားရမည်။

(ခ) အမှတ်တံဆိပ်ပိုင်ရှင်က နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် ဥပဒေ ပုဒ်မ ၃၀ ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်စာရင်းတွင် ပြင်ဆင်၍ အမှတ်တံဆိပ်ပိုင်ရှင်ထံ အကြောင်းကြားရမည်။

## အခန်း (၁၆)

## သက်တမ်းတိုးခြင်း

၆၂။ အမှတ်တံဆိပ်ပိုင်ရှင်သည် အမှတ်တံဆိပ် မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးမည့်နေ့ မတိုင်မီ ခြောက်လအတွင်းဖြစ်စေ၊ မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်းဖြစ်စေ သက်တမ်းတိုးပေးရန် လျှောက်လွှာပုံစံ TM – 11 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၆၃။ နည်းဥပဒေ ၆၂ အရ လျှောက်ထားရာတွင် အောက်ပါတို့ အနည်းဆုံး ပါဝင်ရမည်-

(က) အမှတ်တံဆိပ်မှတ်ပုံတင်နံပါတ်၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) အမှတ်တံဆိပ်ပိုင်ရှင်သည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM – 2 ကို ပူးတွဲတင်ပြရမည်။ အမှတ်တံဆိပ်ပိုင်ရှင်၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံသည်နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM – 2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(ဃ) မှတ်ပုံတင် သက်တမ်းကုန်ဆုံးမည့် နေ့ရက်၊

(င) အမှတ်တံဆိပ်မှတ်ပုံတင် သက်တမ်းတိုးပေးရန် လျှောက်ထားခြင်းအတွက် ပေးသွင်းရမည့် အခကြေးငွေပမာဏနှင့် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား။ (မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်းတွင် သက်တမ်းတိုးပေးရန် လျှောက်ထားခြင်းဖြစ်လျှင် သတ်မှတ်ထားသည့် ရက်လွန်ကြေး အခကြေးငွေကို ပေးသွင်းရမည်။)

၆၄။ မှတ်ပုံတင်အရာရှိသည် သက်တမ်းတိုးပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍-

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အမှတ်တံဆိပ်မှတ်ပုံတင် သက်တမ်း မကုန်ဆုံးမီ ခြောက်လအတွင်း သို့မဟုတ် သက်တမ်း ကုန်ဆုံးပြီးနောက် အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း ပြင်ဆင်ဆောင်ရွက်ရန် အမှတ်တံဆိပ်ပိုင်ရှင်ထံ အကြောင်းကြားရမည်။

(ခ) အမှတ်တံဆိပ်ပိုင်ရှင်က နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူပြီး မှတ်ပုံတင်စာရင်းတွင် အမှတ်တံဆိပ် မှတ်ပုံတင်စာရင်းကို ရပ်စဲကြောင်း မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

(ဂ) အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် ဥပဒေ ပုဒ်မ ၃၆ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို သက်တမ်းတိုးပေးပြီး မှတ်ပုံတင်စာရင်းတွင် သက်တမ်းကုန်ဆုံးမည့် ရက်စွဲကို ပြောင်းလဲ၍ မှတ်တမ်းတင် ပေးရမည်။ သက်တမ်းတိုးပြီးကြောင်း အတည်ပြုချက်ကိုလည်း အမှတ်တံဆိပ်ပိုင်ရှင်ထံ ပေးပို့အကြောင်းကြား၍ အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၆၅။ (က) အမှတ်တံဆိပ် မှတ်ပုံတင်သက်တမ်းတိုးခြင်းကို ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(၁) အမှတ်တံဆိပ်မှတ်ပုံတင်နံပါတ်၊

(၂) အမှတ်တံဆိပ်ပိုင်ရှင်၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(၃) အမှတ်တံဆိပ်ပိုင်ရှင်သည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(၄) အမှတ်တံဆိပ် မှတ်ပုံတင်သက်တမ်းအသစ် ကုန်ဆုံးမည့်ရက်စွဲ။

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းမှ ရပ်စဲခြင်းကို ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(၁) အမှတ်တံဆိပ်မှတ်ပုံတင်နံပါတ်၊

(၂) အမှတ်တံဆိပ်ပိုင်ရှင်၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(၃) အမှတ်တံဆိပ်ပိုင်ရှင်သည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(၄) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းမှ ရပ်စဲရသည့် အကြောင်းရင်း။

## အခန်း(၁၇)

## အမှတ်တံဆိပ်အခွင့်အရေး လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ခြင်း

၆၆။ မှတ်ပုံတင်ထားသောအမှတ်တံဆိပ်၏ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသို့ အမှတ်တံဆိပ်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် လွှဲပြောင်းခြင်းကိုလက်ခံသူက လျှောက်လွှာပုံစံTM– 12 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၆၇။ နည်းဥပဒေ ၆၆ အရ လျှောက်ထားရာတွင် အောက်ပါတို့ အနည်းဆုံး ပါဝင်ရမည်–

(က) အမှတ်တံဆိပ် မှတ်ပုံတင်နံပါတ်၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) အမှတ်တံဆိပ်ပိုင်ရှင်သည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM – 2 ကို ပူးတွဲတင်ပြရမည်။ အမှတ်တံဆိပ်ပိုင်ရှင်၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံသည်နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM – 2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(ဃ) လွှဲပြောင်းခြင်းကိုလက်ခံသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ တရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏အမည်၊ မှတ်ပုံတင်အမှတ်၊ အမျိုးအစား၊ အဖွဲ့အစည်းတည်ထောင်ရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(င) လွှဲပြောင်းခြင်းကိုလက်ခံသူသည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM – 2 ကို ပူးတွဲတင်ပြရမည်။ လွှဲပြောင်းခြင်းကို လက်ခံသူ၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်းတည်ရှိရာနိုင်ငံသည် နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း

တည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM – 2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(စ) ပိုင်ဆိုင်မှုလွှဲပြောင်းလိုသည့် နံပါတ်နှင့် စာရင်းများ၊

(ဆ) ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းအတွက် ပေးသွင်းရမည့် အခကြေးငွေပမာဏနှင့် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား။

၆၈။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍–

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် လွှဲပြောင်းခြင်းကို လက်ခံသူထံ အကြောင်းကြားရမည်။

(ခ) အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် လွှဲပြောင်းခြင်းကို လက်ခံသူက နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်တမ်းတင်၍ အမှတ်တံဆိပ်ပိုင်ရှင်နှင့် လွှဲပြောင်းခြင်းကို လက်ခံသူတို့ထံ အကြောင်းကြားပြီး အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၆၉။ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစား တစ်စိတ်တစ်ဒေသကိုသာလျှင် ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းဖြစ်လျှင်–

(က) မှတ်ပုံတင်အရာရှိသည် မူလမှတ်ပုံတင်စာရင်း၌ ကျန်ရှိမည့်စာရင်းနှင့် တစ်စိတ်တစ်ဒေသ ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်ထားသည့် စာရင်းကို မထပ်စေဘဲ ခွဲခြားသတ်မှတ်ပေးရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် မူလမှတ်ပုံတင်ထားသော မှတ်ပုံတင်ခြင်းနှင့် ယခုတစ်စိတ်တစ်ဒေသမှတ်ပုံတင်ခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်ထားချက်တို့အကြား ဆက်စပ်မှု ရရှိစေရန် မူလမှတ်ပုံတင်ထားသော အချက်အလက်အပြည့်အစုံ ပူးတွဲပါဝင်သည့် မှတ်ပုံတင်ခြင်း အသစ်တစ်ခုအဖြစ် မှတ်တမ်းတင်ပေးရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် အဆိုပါ တစ်စိတ်တစ်ဒေသ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းအား မှတ်တမ်းတင်ခြင်းအသစ်အတွက် အမှတ်တံဆိပ်မှတ်ပုံတင်နံပါတ် အသစ်တစ်ခု ထုတ်ပေးရမည်။

၇၀။ ဥပဒေ ပုဒ်မ ၄၃ အရ ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်ထားချက်ကို ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) အမှတ်တံဆိပ် မှတ်ပုံတင်နံပါတ်၊

(ခ) ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်တမ်းတင်သည့် နံပါတ်နှင့် စာရင်းများ၊

(ဂ) လွှဲပြောင်းခြင်းကိုလက်ခံသူ၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဃ) လွှဲပြောင်းခြင်းကိုလက်ခံသူသည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ။

၇၁။ ဥပဒေ ပုဒ်မ ၄၂ ပုဒ်မခွဲ (က) အရ အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက်ကို လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်ထားရာတွင် အမှတ်တံဆိပ် ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းအား မှတ်တမ်းတင်ပေးရန် လျှောက်ထားသည့် နည်းလမ်းအတိုင်းဆောင်ရွက်ရမည်။

## အခန်း(၁၈)

## ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ခြင်း

၇၂။ အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်နှင့် ယင်းအမှတ်တံဆိပ်၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားများကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်လွှာပုံစံ TM – 13 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက် ထားနိုင်သည်။

၇၃။ နည်းဥပဒေ ၇၂ အရ လျှောက်ထားရာတွင် အောက်ပါတို့ အနည်းဆုံး ပါဝင်ရမည်-

(က) အမှတ်တံဆိပ်ပိုင်ရှင်၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်သည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM – 2 ကို ပူးတွဲတင်ပြရမည်။ အမှတ်တံဆိပ်ပိုင်ရှင်၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံသည် နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM – 2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(ဂ) ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ရရှိသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ တရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်း ဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏အမည်၊ မှတ်ပုံတင်အမှတ်၊ အမျိုးအစား၊ အဖွဲ့အစည်း တည်ထောင်ရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(ဃ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM – 2 ကို ပူးတွဲတင်ပြရမည်။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူ၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်းတည်ရှိရာနိုင်ငံသည် နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM – 2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(င) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပြုသည့် အမှတ်တံဆိပ်မှတ်ပုံတင်နံပါတ်၊

(စ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပြုသည့် နံပါတ်နှင့်စာရင်းများ၊

(ဆ) ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်း အတွက် ပေးသွင်းရမည့် အခကြေးငွေပမာဏနှင့် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား။

၇၄။ (က) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားရာတွင် အမှတ်တံဆိပ်ပိုင်ရှင်နှင့် ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ရရှိသူတို့အကြား နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးထားသော သဘောတူညီချက် ပူးတွဲတင်ပြရမည်။

(ခ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားရာတွင် ပူးတွဲပိုင်ဆိုင်သော အမှတ်တံဆိပ်ဖြစ်လျှင် ထိုပူးတွဲပိုင်ရှင်က သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့် စာရွက်စာတမ်း တင်ပြရမည်။

၇၅။ မှတ်ပုံတင်အရာရှိသည် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍–

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ ပေးပို့သည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူထံ အကြောင်းကြားရမည်။

(ခ) အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူက နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်၍ အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူထံ အကြောင်းကြားပြီး အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၇၆။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ခြင်းအတွက် ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပြုမည့် အမှတ်တံဆိပ်မှတ်ပုံတင်နံပါတ်၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဂ) အမှတ်တံဆိပ်ပိုင်ရှင်သည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဃ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူ၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(င) ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ရရှိသူသည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(စ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပြုသည့် နံပါတ်နှင့်စာရင်းများ၊

## အခန်း(၁၉)

## ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်းအား မှတ်တမ်းတင်ခြင်းကို ပယ်ဖျက်ခြင်း

၇၇။ အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ရရှိသူသည် မှတ်တမ်းတင်ထားသည့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ပယ်ဖျက်ရန် ဥပဒေ ပုဒ်မ ၄၈ အရ လျှောက်လွှာပုံစံ TM – 14 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၇၈။ နည်းဥပဒေ ၇၇ အရ လျှောက်ထားရာတွင် အောက်ပါတို့ အနည်းဆုံး ပါဝင်ရမည်-

(က) အမှတ်တံဆိပ်ပိုင်ရှင်၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်သည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM – 2 ကို ပူးတွဲတင်ပြရမည်။ အမှတ်တံဆိပ်ပိုင်ရှင် ၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်းတည်ရှိရာနိုင်ငံသည် နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုင်ငံတော်

ပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM – 2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(ဂ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင် နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ တရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်း ဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏အမည်၊ မှတ်ပုံတင်အမှတ်၊ အမျိုးအစား၊ အဖွဲ့အစည်း တည်ထောင်ရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(ဃ) ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ရရှိသူသည် ကိုယ်စားလှယ် ခန့်အပ်ထားလျှင် ကိုယ်စား လှယ်၏အမည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM – 2 ကို ပူးတွဲတင်ပြရမည်။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူ၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံသည် နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထား သည့် လျှောက်လွှာပုံစံ TM – 2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(င) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပြုသည့် အမှတ်တံဆိပ်မှတ်ပုံတင်နံပါတ်၊

(စ) မှတ်ပုံတင်မှတ်တမ်းမှ ပယ်ဖျက်လိုသည့် နံပါတ်နှင့် စာရင်းများ။

၇၉။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ထားခြင်းမှ ပယ်ဖျက်ပေးရန် လျှောက် ထားရာတွင် အောက်ပါ အထောက်အထားတစ်ခုခုနှင့်အတူ ပူးတွဲတင်ပြရမည်–

(က) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ထားရှိခြင်းမှ ပယ်ဖျက်ပေးရန် လျှောက်ထားချက်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ သို့မဟုတ်

(ခ) အမှတ်တံဆိပ်ပိုင်ရှင်နှင့် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့အကြား ပယ်ဖျက်ပေး ရန် လျှောက်ထားချက်ကို သဘောတူကြောင်း လက်မှတ်ရေးထိုးထားချက်။

၈၀။ မှတ်ပုံတင်အရာရှိသည် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ခြင်းအား ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍–

(က) အချက်အလက်များ ပြည့်စုံမှုမရှိကြောင်း တွေ့ရှိလျှင် အကြောင်းကြားစာ ပေးပို့သည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ရန် အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူထံ အကြောင်းကြားရမည်။

(ခ) အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူက နည်းဥပဒေခွဲ (က) အရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိလျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အချက်အလက်များ ပြည့်စုံကြောင်း တွေ့ရှိလျှင် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ထားခြင်းမှ ပယ်ဖျက်၍ အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် ၎င်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူထံ အကြောင်းကြားပြီး အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၈၁။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ခြင်းမှ ပယ်ဖျက်ကြောင်း ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) အမှတ်တံဆိပ်ပိုင်ရှင်၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်သည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူ၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဃ) ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ရရှိသူသည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(င) ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပြုသည့် အမှတ်တံဆိပ်မှတ်ပုံတင်နံပါတ်၊

(စ) မှတ်ပုံတင်မှတ်တမ်းမှ ပယ်ဖျက်လိုသည့် နံပါတ်နှင့် စာရင်းများ။

## အခန်း (၂၀)

## အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်းကြေညာခြင်းနှင့် ပယ်ဖျက်ခြင်း

၈၂။ (က) အကျိုးသက်ဆိုင်သူတစ်ဦးဦးသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်တစ်ခုကို ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ည) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် မကိုက်ညီသော အမှတ်တံဆိပ်ဖြစ်ကြောင်း သို့မဟုတ် ဥပဒေ ပုဒ်မ ၁၃ ပါ ငြင်းပယ်ရန်ခိုင်လုံသည့် အကြောင်းပြချက်တစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ ဥပဒေ ပုဒ်မ ၁၄ ပါ ငြင်းပယ်ရန်ဆက်စပ်သော အကြောင်းပြချက် တစ်ရပ်ရပ်ကြောင့်ဖြစ်စေ မှတ်ပုံတင်ခွင့်မရရှိသင့်သည့် အမှတ်တံဆိပ်ဖြစ်ကြောင်းအထောက်အထားများနှင့်အတူ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်လွှာပုံစံ TM – 15 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) အကျိုးသက်ဆိုင်သူတစ်ဦးဦးသည် လျှောက်ထားသည့်နေ့မှစ၍ သုံးနှစ်အတွင်း လုံးဝ အသုံးမပြုသော အမှတ်တံဆိပ်ကိုဖြစ်စေ၊ တစ်ဆက်တည်း သုံးနှစ်ကြာ ဆိုင်းငံ့ထားသော အမှတ်တံဆိပ်ကိုဖြစ်စေ၊ ကုန်ပစ္စည်း၏အမျိုးအစား၊ ဆက်စပ်သော အကြောင်းအရာ၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့်အချိန်တို့ကိုဖော်ပြသည့်ညွှန်းပြချက်များ သို့မဟုတ် မျက်မှောက်ဝေါဟာရ အသုံးအနှုန်းတွင် ယေဘုယျ အသုံးအနှုန်း ဖြစ်လာခြင်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်လာခြင်းနှင့် ကုန်သွယ်မှုနယ်ပယ်တွင် လက်တွေ့အသုံးအနှုန်းဖြစ်လာသည့် ညွှန်းပြချက်များ သီးသန့်ပါဝင်လာသော အမှတ်တံဆိပ်ကို ဖြစ်စေ အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ပေးရန် လျှောက်လွှာပုံစံ TM – 16 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ဂ) နည်းဥပဒေခွဲ (က)နှင့် (ခ) တို့အရ လျှောက်ထားရာတွင် လက်ခံစစ်ဆေးခြင်းအတွက် အေဂျင်စီက သတ်မှတ်ထားသည့် ဝန်ဆောင်မှု အခကြေးငွေ ပေးသွင်းရမည်။

၈၃။ နည်းဥပဒေ ၈၂ အရ လျှောက်ထားရာတွင် အောက်ပါတို့ အနည်းဆုံး ပါဝင်ရမည်–

(က) တရားမဝင်ကြောင်း ကြေညာပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် လျှောက်ထားသည့် အမှတ်တံဆိပ် မှတ်ပုံတင်နံပါတ်၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်၏ အမည်၊

(ဂ) တရားမဝင်ကြောင်း ကြေညာပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် လျှောက်ထားသည့် နံပါတ်နှင့် စာရင်းများ၊

(ဃ) တရားမဝင်ကြောင်း ကြေညာပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် လျှောက်ထားသူ၏ အမည်၊နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံခြားသားဖြစ်လျှင်နိုင်ငံကူးလက်မှတ်အမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏ အမည်၊ မှတ်ပုံတင်အမှတ်၊ အမျိုးအစား၊ အဖွဲ့အစည်းတည်ထောင်ရာ နိုင်ငံအမည်နှင့် လိပ်စာအပြည့်အစုံ၊

(င) တရားမဝင်ကြောင်း ကြေညာပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် လျှောက်ထားသူသည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊ (လျှောက်လွှာပုံစံ TM – 2 ကို ပူးတွဲတင်ပြရမည်။ တရားမဝင်ကြောင်းကြေညာရန် သို့မဟုတ် ပယ်ဖျက်ရန် လျှောက်ထား

သူ၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်းတည်ရှိရာနိုင်ငံသည် နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM – 2 မိတ္တူကို ပူးတွဲ တင်ပြရမည်။ )

(စ) အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းအတွက် ပေးသွင်းရမည့် အခကြေးငွေ ပမာဏနှင့် အခကြေးငွေ ပေးသွင်းပြီးကြောင်း အထောက်အထား။

၈၄။ အကျိုးသက်ဆိုင်သူ တစ်ဦးဦးသည် ဥပဒေ ပုဒ်မ ၁၄ ပါ ငြင်းပယ်ရန် ဆက်စပ်သော အကြောင်းပြချက် တစ်ရပ်ရပ်အပေါ် အခြေခံ၍ တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားရာတွင် နည်းဥပဒေ ၈၃ တွင် ဖော်ပြထားသည့် အချက်အလက်အထောက်အထားများအပြင် သက်ဆိုင်သည့် အောက်ပါအချက်အလက်များ ပူးတွဲ ပါဝင်ရမည်–

(က) ဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ(က) အရ တရားမဝင်ကြောင်း ကြေညာပေးရန်ဖြစ်လျှင်–

(၁) မိမိမှတ်ပုံတင်ထားသော သို့မဟုတ် ဦးစွာလျှောက်ထားသော သို့မဟုတ် ဦးစားပေး အခွင့်အရေး လျှောက်ထားသော သို့မဟုတ် လွှဲပြောင်းအသုံးပြုခွင့်ရရှိထားသော သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိထားသော အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူ အမှတ်တံဆိပ်ဖြစ်ကြောင်း ရှင်းလင်းပြည့်စုံသော ကျိုးကြောင်းဖော်ပြချက်၊

(၂) မှတ်ပုံတင်ထားသော သို့မဟုတ် ဦးစွာလျှောက်ထားသော သို့မဟုတ် ဦးစားပေး အခွင့်အရေး ရရှိထားသော အမှတ်တံဆိပ်ဖြစ်လျှင် လျှောက်ထားချက်တင်သွင်းသည့် ရက်စွဲ၊ လျှောက်ထားချက်နံပါတ်၊ မှတ်ပုံတင်ရရှိသည့် ရက်စွဲ၊ အမှတ်တံဆိပ် မှတ်ပုံတင်နံပါတ်နှင့် ဦးစားပေးအခွင့် အရေးတောင်းဆိုသည့် ရက်စွဲ၊

(၃) မှတ်ပုံတင်လျှောက်ထားသည့်နေ့ရက်ကို မတင်ပြနိုင်သည့် အမှတ်တံဆိပ်ဖြစ်လျှင် နိုင်ငံတော်အတွင်း အခွင့်အရေး အကာအကွယ် စတင်ရရှိထားသည့် နေ့ရက်ကို မှတ်ပုံတင်အရာရှိက ခွင့်ပြုပေးနိုင်သည့် အထောက်အထား၊

(၄) တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားချက်အပေါ် အခြေခံသည့် နံပါတ်နှင့် စာရင်းများ၊

(ဌ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် အခွင့်အရေး ဦးစွာရရှိသူက လျှောက်ထားခြင်းဖြစ်လျှင် တရားမဝင်ကြောင်း ကြေညာပေးရန် တင်သွင်းခွင့်ရှိကြောင်း ဖော်ပြချက်၊

(ခ) ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င) နှင့် (စ) တို့ပါ အချက်အလက်များအပေါ် အခြေခံ၍ တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားခြင်းဖြစ်လျှင် ယင်းနှင့်သက်ဆိုင်သည့် အထောက်အထားများ။

၈၅။ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသောအဖွဲ့အစည်းတစ်ခုသည် ဥပဒေ ပုဒ်မ ၁၄ ပါ ငြင်းပယ်ရန် ဆက်စပ်သော အကြောင်းပြချက်တစ်ရပ်ထက်ပိုသော အကြောင်းပြချက်များ အပေါ် အခြေခံ၍ တရားမဝင်ကြောင်း ကြေညာပေးရန် လျှောက်ထားလျှင် ယင်းအကြောင်းပြချက်တစ်ခုချင်းစီအတွက် နည်းဥပဒေ ၈၄ ပါ သတ်မှတ်ထားသော အချက်အလက်များ ပါရှိရမည်။

၈၆။ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် လျှောက်ထားရာတွင် သက်ဆိုင်သည့် စာရွက်စာတမ်းများ၏ မိတ္တူနှစ်စုံ ပူးတွဲတင်ပြရမည်။

၈၇။ မှတ်ပုံတင်အရာရှိသည် ဥပဒေ ပုဒ်မ ၅၀ သို့မဟုတ် ပုဒ်မ ၅၁ အရ တရားမဝင်ကြောင်း ကြေညာပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ-

(က) လျှောက်ထားချက်ကို စိစစ်ပြီး လက်ခံခြင်း ရှိ မရှိ ဦးစွာ ဆုံးဖြတ်၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို လက်ခံကြောင်း အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အကြောင်းပြချက်များနှင့် သက်သေခံ အထောက်အထားများကို တင်ပြရန်နှင့် ကျော်ကြားသော အမှတ်တံဆိပ်ဖြစ်ပါက ယင်းအမှတ်တံဆိပ်ဖြစ်ကြောင်း သက်သေခံ အထောက်အထားများကို တင်ပြရန် လျှောက်ထားသူထံ တောင်းခံရမည်။ လျှောက်ထားသူက တင်ပြထားသော လျှောက်ထားချက်နှင့် သက်သေခံ အထောက်အထား များကို အမှတ်တံဆိပ်ပိုင်ရှင်ထံ ပေးပို့ အကြောင်းကြားရမည်။ လျှောက်ထားသူက သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တင်ပြရန်ပျက်ကွက်လျှင် အဆိုပါ လျှောက်ထားချက်သည် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

(ဂ) အမှတ်တံဆိပ်ပိုင်ရှင်က လျှောက်ထားသူထံမှ နည်းဥပဒေခွဲ (ခ) အရ အထောက်အထားများအပြင် အမှတ်တံဆိပ်၏ အသုံးပြုခြင်းဆိုင်ရာ သက်သေခံ အထောက်အထားများနှင့် ကျော်ကြားသော အမှတ်တံဆိပ်ဆိုင်ရာ သက်သေခံအထောက်အထား

များကဲ့သို့သော နောက်ထပ် သက်သေခံ အထောက်အထားများကို တောင်းဆိုနိုင်ရန်နှင့် ယင်းအထောက်အထားများ တောင်းဆိုရန် မရှိပါက ခုခံချေပချက်နှင့်အတူ လိုအပ်သော စာရွက်စာတမ်း အထောက်အထားများကို အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တင်ပြနိုင်ရန် အမှတ်တံဆိပ်ပိုင်ရှင်ထံ အကြောင်းကြားရမည်။

(ဃ) အမှတ်တံဆိပ်ပိုင်ရှင်က နောက်ထပ်သက်သေခံ အထောက်အထားများ တောင်းဆိုလျှင် အသုံးပြုသည့် သို့မဟုတ် အသုံးမပြုရသည့် ခိုင်လုံသော အထောက်အထားများကို အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(င) လျှောက်ထားသူက နောက်ထပ် သက်သေခံအထောက်အထားများ တင်ပြပါက ခုခံချေပချက်ကို အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်ပြရန် အမှတ်တံဆိပ်ပိုင်ရှင်ထံ အကြောင်းကြားရမည်။

(စ) ထပ်မံရှင်းလင်းချက်များ လိုအပ်သည်ဟု ယူဆလျှင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံ နောက်ထပ်အကြောင်းပြချက်များ သို့မဟုတ် သက်သေခံ အထောက်အထားများကို အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်ပြရန် အကြောင်းကြားနိုင်သည်။

(ဆ) လိုအပ်ပါက နှစ်ဦးနှစ်ဖက်ကို ကြားနာရန် ဆင့်ခေါ်နိုင်သည်။

(ဇ) တင်ပြထားသည့် အကြောင်းပြချက်၊ သက်သေခံ အထောက်အထားများ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားနှင့် စာရွက်စာတမ်းများအပေါ် အခြေခံ၍ ဆုံးဖြတ်ရမည်။

(ဈ) ဥပဒေ ပုဒ်မ ၅၀ ပုဒ်မခွဲ(စ)နှင့် ပုဒ်မ ၅၁ ပုဒ်မခွဲ (စ) တို့အရ မှတ်ပုံတင်စာရင်းတွင် ဆုံးဖြတ်ချက်ကို မှတ်တမ်းတင်ပြီး အမှတ်တံဆိပ်ပိုင်ရှင်ထံ အကြောင်းကြားရမည့် အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်။

၈၈။ နည်းဥပဒေ ၈၇ နည်းဥပဒေခွဲ (ဈ) အရ ထုတ်ပြန်ကြေညာရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(က) အမှတ်တံဆိပ် မှတ်ပုံတင်နံပါတ်၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(ဂ) အမှတ်တံဆိပ်ပိုင်ရှင်သည် ကိုယ်စားလှယ်ခန့်အပ်ထားလျှင် ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(ဃ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်းကြေညာရသည့် သို့မဟုတ် ပယ်ဖျက်ရသည့် အကြောင်းရင်း၊

(င) အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ တရားမဝင်ကြောင်း ကြေညာသည့် သို့မဟုတ် ပယ်ဖျက်သည့် နံပါတ်နှင့် စာရင်းများ၊

(စ) မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာသည့် သို့မဟုတ် ပယ်ဖျက်သည့် ရက်စွဲ။

**အခန်း(၂၁)**

**ကိုယ်စားလှယ် ခန့်အပ်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာလွှဲအပ်ခြင်း**

၈၉။ (က) လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူ တစ်ဦးဦးသည် ကိုယ်စားလှယ်ခန့်အပ်၍ ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အတွင်း နေထိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ်ပြည့်ပြီး ဝန်ကြီးဌာနက သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်မီသူကို လျှောက်လွှာပုံစံ TM – 2 ဖြင့် ခန့်အပ်ရမည်။

(ခ) ထိုသို့ ကိုယ်စားလှယ်ခန့်အပ်ရာတွင် အောက်ပါတို့ အနည်းဆုံး ဖော်ပြပါရှိရမည်–

(၁) လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ အမည်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(၂) ကိုယ်စားလှယ်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံ၊

(၃) ကိုယ်စားလှယ်ခန့်အပ်ဆောင်ရွက်မည့် အမှတ်တံဆိပ်ဆိုင်ရာ အချက်အလက်များ၊

(၄) ကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်။

၉၀။ နည်းဥပဒေ ၈၉ အရ ကိုယ်စားလှယ်ခန့်အပ်ဆောင်ရွက်ရာတွင် ကိုယ်စားလှယ် တစ်ဦးထက်ပို၍ ခန့်အပ်နိုင်သည်။ ယင်းသို့ခန့်အပ်ရာတွင် လျှောက်ထားချက်၌ ကိုယ်စားလှယ်တစ်ဦး၏ အမည်နှင့် အချက်အလက် များကို ရေးသားဖော်ပြရမည်ဖြစ်ပြီး အခြားသော ကိုယ်စားလှယ်များ၏ အချက်အလက်များကို ပူးတွဲဖြင့် တင်ပြရမည်။

၉၁။ လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူတစ်ဦးဦးသည် အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားချက်အပါအဝင် မည်သည့်လျှောက်ထားချက်တွင်မဆို ကိုယ်စားလှယ်ခန့်အပ်၍ ဆောင်ရွက်လျှင် လျှောက်လွှာပုံစံ TM –2 မိတ္တူကို ပူးတွဲတင်ပြရမည်။

၉၂။ လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်းတည်ရှိရာနိုင်ငံသည် နိုင်ငံတော်တွင် မဟုတ်လျှင် ၎င်းတို့၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်လုပ်ငန်း တည်ရှိရာနိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် လျှောက်လွှာပုံစံ TM-2 မိတ္တူကိုလည်း ပူးတွဲတင်ပြရမည်။

၉၃။ (က) ကိုယ်စားလှယ်ဖြင့် ခန့်အပ်ဆောင်ရွက်ခြင်းဖြစ်လျှင် မှတ်ပုံတင်အရာရှိသည် ဆောင်ရွက်မည့်ကိစ္စများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်ထံသို့သာ ဆက်သွယ်ဆောင်ရွက်ရမည်။

(ခ) ခန့်အပ်ခံရသည့် ကိုယ်စားလှယ်က မှတ်ပုံတင်အရာရှိထံ ဆက်သွယ်ဆောင်ရွက်သည့် မည်သည့်ဆောင်ရွက်ချက်ကိုမဆို ကိုယ်စားလှယ် ခန့်အပ်ထားသူက ဆောင်ရွက်သကဲ့သို့ မှတ်ယူရမည်။

၉၄။ (က) ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ခန့်အပ်ထားလျှင် လျှောက်ထားချက်တွင် ရေးသားဖော်ပြထားသည့် ကိုယ်စားလှယ်ကိုသာ ကိုယ်စားလှယ်အဖြစ် ဆက်သွယ်ဆောင်ရွက်ရမည်။

(ခ) ဦးစီးဌာနက သတ်မှတ်ထားသည့် အီလက်ထရောနစ်နည်းဖြင့် လျှောက်ထားခြင်းတွင် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားချက်၌ ကိုယ်စားလှယ် တစ်ဦးထက်ပို၍ ဖော်ပြထားလျှင် အဆိုပါအီလက်ထရောနစ် အသုံးပြုခြင်းအတွက် ကိုယ်စားလှယ် အကောင့် (User Account) ဖွင့်လှစ်ထားသော ကိုယ်စားလှယ်ကိုသာ ဆက်သွယ်ဆောင်ရွက်ရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ကိုယ်စားလှယ် ခန့်အပ်ထားခြင်းနှင့် စပ်လျဉ်း၍ လိုအပ်လျှင် အကြောင်းကြားစာ ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်လွှာပုံစံ TM – 2 မူရင်းကို ကိုယ်စားလှယ်က တင်ပြရန် အကြောင်းကြားနိုင်သည်။

၉၅။ ကိုယ်စားလှယ် ခန့်အပ်ထားခြင်းမရှိလျှင်ဖြစ်စေ၊ ကိုယ်စားလှယ်ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိလျှင်ဖြစ်စေ မှတ်ပုံတင်အရာရှိသည် မည်သည့်ဆက်သွယ်ဆောင်ရွက်ချက်ကိုမဆို လျှောက်ထားသူ၊ ကန့်ကွက်သူ၊ အခွင့်အရေးရရှိသူ သို့မဟုတ် အကျိုးသက်ဆိုင်သူတစ်ဦးဦးကိုသာ ဆက်သွယ်ဆောင်ရွက်ရမည်။

၉၆။ ကိုယ်စားလှယ်ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ မည်သည့်ကိုယ်စားလှယ် ပြောင်းလဲခန့်အပ်ခြင်းကိုမဆို လက်ခံစစ်ဆေးခြင်းအတွက် အေဂျင်စီက သတ်မှတ်ထားသည့် ဝန်ဆောင်မှု အခကြေးငွေ

ပေးသွင်းပြီး လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ လျှောက်လွှာပုံစံ TM – 17 ဖြင့် မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

## အခန်း(၂၂)

## အထွေထွေ

၉၇။ (က) ဥပဒေနှင့် ဤနည်းဥပဒေများအရ လျှောက်ထားရာတွင် ဝန်ကြီးဌာနက သတ်မှတ်ထားသော လျှောက်လွှာပုံစံများ ဖြင့် လျှောက်ထားရမည်။

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပေးသွင်းရမည့် အခကြေးငွေများကို အေဂျင်စီက ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်ထုတ်ပြန်ထားသည့်အတိုင်း ပေးသွင်းရမည်။

(ဂ) အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားချက်တွင် အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ်အမျိုးအစားအုပ်စု ခွဲခြားခြင်း (Nice Classification) အရ အမျိုးအစားနံပါတ် တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ လျှောက်ထားနိုင်ပြီး လျှောက်ထားချက်တစ်ခုတွင် အမျိုးအစားနံပါတ်တစ်ခုထက် ပို၍ပါဝင်လျှင် အမျိုးအစားနံပါတ် အရေအတွက်ပေါ် မူတည်၍ သတ်မှတ်ထားသည့် အခကြေးငွေများကို ပေးသွင်းရမည်။

၉၈။ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း မူပိုင်ခွင့်ဆိုင်ရာ အေဂျင်စီနည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ အေဂျင်စီထံ အယူခံ လျှောက်ထားနိုင်သည်။

၉၉။ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ထုတ်ပြန်ကြေညာရာတွင် ဦးစီးဌာန၏ အင်တာနက် စာမျက်နှာ (Website) မှ တစ်ဆင့် အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ ဦးစီးဌာနက ထုတ်ပြန်ကြေညာချက်စာအုပ်(Publication Book)ဖြင့်ဖြစ်စေ ထုတ်ပြန်ကြေညာရမည်။

၁၀၀။ ဥပဒေ သို့မဟုတ် ဤနည်းဥပဒေများနှင့်အညီ မှတ်ပုံတင်အရာရှိထံ တင်ပြလာသော လျှောက်ထားချက်နှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများနှင့် အခြားဆက်သွယ်ဆောင်ရွက်သော စာရွက်စာတမ်းများသည် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာ မဟုတ်သော စာရွက်စာတမ်းများဖြစ်ပါက မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုပေးရမည်။ ဘာသာပြန်ဆိုချက်သည် တိကျမှန်ကန်ကြောင်း လျှောက်ထားသူ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ် က ဝန်ခံလက်မှတ်ရေးထိုးရမည်။

၁၀၁။ (က) မည်သည့် အချိန်ကာလကိုမဆို နှစ်အလိုက် ကာလသက်တမ်းကုန်ဆုံးခြင်းကို တွက်ချက်ရာတွင် အချိန်ကာလ စတင်ပေးသည့်နေ့ရက်မှ ရေတွက်ရမည်။ စတင်တွက်ချက်သည့်နေ့ရက်မှာ ဖေဖော်ဝါရီလ ၂၉ ရက်ဖြစ်ပါက ကာလသက်တမ်းပြည့်မည့်နှစ်၏ ဖေဖော်ဝါရီလ ၂၈ ရက်တွင် ကာလသက်တမ်းကုန်ဆုံးသည်ဟု မှတ်ယူရ မည်။

(ခ) မည်သည့်အချိန်ကာလကိုမဆို လအလိုက် ကာလသက်တမ်းကုန်ဆုံးခြင်းကို တွက်ချက်ရာတွင် အချိန်ကာလ စတင်ပေးသည့်နေ့ရက်မှ ရေတွက်ရမည်။ တစ်လနှင့် တစ်လ ရက်ပေါင်းကွာခြားမှုရှိသဖြင့် တွက်ချက်ရာတွင် လအသီးသီး၏ နောက်ဆုံးရက်ကိုသာ သက်တမ်းကုန်ဆုံးသည်ဟု မှတ်ယူရမည်။

(ဂ) မည်သည့် အချိန်ကာလကိုမဆို သက်တမ်းကုန်ဆုံးခြင်းကို တွက်ချက်ရာတွင် အချိန်ကာလစတင်ပေးသည့်နေ့ရက်မှစ၍ ရေတွက်ရမည်။

၁၀၂။ (က) ဥပဒေနှင့် ဤနည်းဥပဒေများပါ သတ်မှတ်ထားသည့် အချိန်ကာလထပ်မံတိုးမြှင့်ပေးရန် လျှောက်ထားသူသည် သတ်မှတ်ထားသည့် အချိန်ကာလမကုန်ဆုံးမီ ခိုင်လုံသော အကြောင်းပြချက်ဖြင့် အေဂျင်စီက သတ်မှတ်ထားသည့်ဝန်ဆောင်မှု အခကြေးငွေ ပေးသွင်းပြီး လျှောက်လွှာပုံစံ TM- 18 ဖြင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် နည်းဥပဒေခွဲ(က) အရ တောင်းဆိုလျှောက်ထားချက်ကို စိစစ်ပြီး အကြောင်းပြချက်ခိုင်လုံပါက အချိန်ကာလထပ်မံတိုးမြှင့်ပေး၍ လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထပ်မံတိုးမြှင့်ပေးသော အချိန်ကာလသည် တစ်ကြိမ်လျှင် ရက်ပေါင်း ၃၀ ဖြင့် အများဆုံးလေးကြိမ်အထိသာ ခွင့်ပြုနိုင်သည်။

(ဂ) နည်းဥပဒေခွဲ(ခ) အရ မှတ်ပုံတင်အရာရှိက အချိန်ကာလ တိုးမြှင့်ခွင့်ပြုပြီးလျှင် ဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များကဲ့သို့သော ကြိုတင်မမျှော်မှန်းနိုင်သည့် အထူးကိစ္စရပ်များအတွက် ရက်ပေါင်း ၃၀ ဖြင့် တစ်ကြိမ် သက်တမ်းတိုးမြှင့်ပေးခြင်းမှ တစ်ပါး နောက်ထပ်အချိန်ကာလ တိုးမြှင့်ပေးခြင်း မပြုရ။

၁၀၃။ မှတ်ပုံတင်အရာရှိသည်-

(က) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်ထားသော လျှောက်လွှာပုံစံများကို အများပြည်သူ သိရှိ အသုံးပြုဆောင်ရွက်နိုင်ရန် ထပ်မံကြေညာရမည်။

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် အေဂျင်စီက ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထုတ်ပြန်ထားသော ပေးသွင်းရမည့် အခကြေးငွေများနှင့် ဦးစီးဌာနက သတ်မှတ်ထားသည့် ပေးသွင်းရမည့် နည်းလမ်းများကို အများပြည်သူ သိရှိ အသုံးပြုဆောင်ရွက်နိုင်ရန် ထပ်မံကြေညာရမည်။

၁၀၄။ ပေးသွင်းထားသည့် အခကြေးငွေများကို မည်သည့် အခြေအနေတွင်မျှ ပြန်လည်ရထိုက်ခွင့် မရှိစေရ။

(ပုံ)

အောင်နိုင်ဦး

ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ စက - ၁၄ / ၂ - ၃၇ / ၂၀၂၃ ( ၇ )

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင်<br>ထည့်သွင်းကြေညာပေးပါရန် |

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်

(ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

မင်းမင်း

အမြဲတမ်းအတွင်းဝန်